# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၀၄)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်၊ ၁၃-၃-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်အား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၂**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ် ၊ မတ် ၁၃ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## တပေါင်းလပြည့်နေ့ မဟာမင်္ဂလာ

မြန်မာ့ဆယ့်နှစ်လရာသီစက်ဝန်းကို ဥတုသုံးလီဖြင့် ပိုင်းခြား သတ်မှတ်သောအခါ နွေ၊ မိုး၊ ဆောင်းဟူ၍ ဖြစ်ပေါ်လာသည်။ တပေါင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ သဘာဝအလှကို ရှေးစာဆိုတို့က မြတ်နိုးနှစ်သက်လှစွာဖြင့် ဖွဲ့ဆိုခဲ့ကြသည်။ ပူသောရာသီတွင် အအေးဓာတ်ကလည်း ပျောက်မသွားသေး။ ကောင်းကင်သည် ကြည်လင်၍ သစ်ပင်သစ်တောတို့တွင် ရွက်သစ်နုပုရစ်ဖူးတို့ဖြင့် အလှဆင်ထားသည်။ မြန်မာတို့က တပေါင်းကို လအားလုံးတွင် အသာယာဆုံးလဟု ရှုမြင်ခံစားကြသည်။

ရတုကောင်းစွာ၊ ဤအခါကား၊ သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကျူး၊ မင်းလွင်မြူးသား၊ နွေသရစ်၊ အခါဖြစ်၍ဟူသော ဖွဲ့ဆိုမှုများပါသည့် ဂါထာခြောက်ဆယ်ဖြင့် တပေါင်းလ၏ ခရီးလမ်းပန်းသာယာပုံများကို ကာဠုဒါယီမထေရ်က ဖွဲ့ဆိုကာ မြတ်ဗုဒ္ဓဘုရားရှင်အား ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရှိရာ ကပိလဝတ်ပြည်သို့ ကြွပါရန် လျှောက်ထားခဲ့သည်။ ဗုဒ္ဓဘုရားရှင်ကလည်း လက်ခံတော်မူကာ တပေါင်းလပြည့်နေ့တွင် ကပိလဝတ်ပြည်သို့ ကြွတော်မူခဲ့သည်။ ဗုဒ္ဓဘုရားရှင် ပြည်တော်ဝင်သည့် တပေါင်းလပြည့်နေ့သည် ဗုဒ္ဓသာသနာသမိုင်းတွင် ထူးခြားသည့်ဖြစ်စဉ်ကြီးများကိုလည်း ပေါ်ထွန်းစေခဲ့သည်။ ယင်းတို့မှာ နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာခြင်း၊ သာကီဝင်မင်းမျိုးတို့၏ မာန်မာနကို နှတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုးရွာသွန်းစေခြင်း၊ ဂါထာ ၁၀၀၀ ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားခြင်း၊ မဟာဓမ္မပါလဇာတ်တော်ကြီးကို နာကြားရ၍ ခမည်းတော်မင်းကြီး အနာဂါမ်တည်ခြင်း၊ မိထွေးတော်ဂေါတမီ သောတာပန်တည်ခြင်း၊ ယသော်ဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကြီး ဟောကြားခြင်း၊ ဇနပဒကလျာဏီ၏ ကြင်ရာတော် နန္ဒမင်းသားရဟန်းဖြစ်ခြင်း၊ သားတော်ရာဟုလာ အမွေတောင်း၍ သာမဏေဘဝသို့ ရောက်ရှိခြင်း၊ သာကီဝင်မင်းသား ၁၀၀၀ ရဟန်းဘောင်ဝင်ခြင်း၊ ကာဠုဒါယီမထေရ်အား ဆွေမျိုးတို့ မြတ်စွာဘုရားကို ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ အမြတ်ဆုံးဘွဲ့ ကုလပ္ပသာဒ-ဧတဒဂ်ကို ချီးမြှင့်ခြင်း၊ အရှင်သာရိပုတ္တရာလျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားခြင်းတို့ပင်ဖြစ်သည်။

တပေါင်းလသည် ဥတုသပ်ပါယမျှတပြီး ဗုဒ္ဓသာသနာသမိုင်းကြောင်းတွင်လည်း ထင်ရှားသည့်လဖြစ်သည့်အားလျော်စွာ ရှေးမြန်မာမင်းများလက်ထက်ကပင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကို အစဉ်အလာကြီးမားစွာ ကျင်းပခဲ့သည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်အဆင့် အခမ်းအနားကြီးအဖြစ် နှစ်စဉ်ကျင်းပလျက်ရှိရာ တပေါင်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားများကို နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် တစ်ချိန်တည်း ကျင်းပသွားမည်ဖြစ်သည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းသည် သဗ္ဗညုဘုရားရှင်၏ ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပဋိဝေဓသာသနာသုံးရပ်သန့်ရှင်းစင်ကြယ်ရေး၊ အဓွန့်ရှည်ကြာတည်တံ့ရေး၊ ကောင်းစွာပြန့်ပွားထွန်းကားရေးအတွက် အားထုတ်ကြိုးပမ်းကြကုန်သော ရဟန်း ပုဂ္ဂိုလ်၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဆက်ကပ်လှူဒါန်းခြင်းဖြင့် သာသနာတော်ကို ချီးမြှောက်ပူဇော်ခြင်းပင်ဖြစ်သည်။ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားတို့သည် နိုင်ငံတော်၏ ဘာသာ သာသနာယဉ်ကျေးမှုပြယုဂ်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံများ စနစ်တကျ ပြန်လည်ဖော်ထုတ်နိုင်ရေး ရေတို၊ ရေရှည် စီမံကိန်းရေးဆွဲဆောင်ရွက်နေ



**မန္တလေး မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် စနစ်တကျ ပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် ရေတို၊ ရေရှည် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်အရ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလက လုပ်ငန်းဆောင်ရွက်ရန် လမ်းညွှန်ချက်(၉) ချက်ရှိပြီး ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(အင်းဝ-ပင်းယဌာနစိတ်)မှ တာဝန်ရှိသူက ပြောသည်။

"အင်းဝမြို့ဟောင်းမှာရှိတဲ့ မြို့ရိုး၊ ကျုံး၊ မြို့ဝင်ပေါက် စတဲ့ ရှေးဟောင်းနယ်မြေအတွင်းက အဆောက်အအုံတွေကို စနစ်တကျ ပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် ရေတို၊ ရေရှည် စီမံကိန်း ရေးဆွဲဆောင်ရွက်ဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့တာ(၉) ချက်ရှိပါတယ်။ ဖေဖော်ဝါရီလက စပြီး ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

လမ်းညွှန်ချက် (၉)ချက်မှာ လောကသရဖူဘုရားဩဝါဒါစရိယဆရာတော်ကျောင်းဖြစ်သည့် ညောင်ကန်ကျောင်းတိုက်၌ နေ့ညမီးပူဇော်နိုင်ရေးဆောင်ရွက်ရန်၊ လောကသရဖူဘုရား သီတင်းသုံးရာ ဂန္ဓကုဋီတိုက်ကို စနစ်တကျ စစ်ဆေးပြီး ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ရန်၊ လောကသရဖူဘုရားရင်ပြင်တော်အနိမ့်၊ အမြင့် မညီမညာမှုများကို ညီညာအောင် ညှိပြီး စကျင်ကျောက်ပြားများခင်း၍ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လောကသရဖူဘုရားဂန္ဓကုဋီတိုက်အတွင်း မှန်စီရွှေချထားရာ ယိုယွင်းပျက်စီးနေမှုများအား မူလလက်ရာအတိုင်း ပြုပြင်မွမ်းမံရန်၊ ဘုရားအုတ်တံတိုင်းအတွင်းမှ ဆွမ်းလောင်းဇရပ်တန်းများကို မူလရှေးပုံစံများကိုရှာဖွေ၍ ယင်းပုံစံအတိုင်း ပြုပြင်ရန်နှင့် မဟာဓေယျပထ (မောင်အို)အုတ်လမ်းမှ ရှေးဟောင်းဗိသုကာ လက်ရာများ ဖော်ထုတ်ရာတွင် အကျိုးအပြစ်များရှိပါက ပြန်လည်တင်ပြရန်တို့ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## မြန်မာနိုင်ငံ ဓာတ်ပုံအသင်း စိန်ရတုအထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း စိန်ရတု (၇၅)နှစ်ပြည့်၊ (၅၈)ကြိမ်မြောက် နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲကျင်းပရာ ဓာတ်ပုံအသင်းဝင်များ၊ ပြင်ပဓာတ်ပုံဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

"သဘာဝလှေလှော်ချက်"ကဏ္ဍတွင် ပထမဆု ဖိုးချား၊ ဒုတိယဆု ပြည်စိုးထွန်း(ပန်းချီ)၊ တတိယဆု ကျော်ဇေယျ(Kosteed)၊ နှစ်သိမ့်ဆု (၁) မျိုးဆန်း၊ နှစ်သိမ့်ဆု(၂) သုတချယ်ရီ၊ နှစ်သိမ့်ဆု(၃) ဇော်ဇော်ကောင်းစံနှင့် ဂုဏ်ပြုဆု (၁၀)ဆု၊ "Photo Essay"ကဏ္ဍတွင် ပထမဆု မျိုးဆန်း၊ ဒုတိယဆု ထိုက်လင်းအောင်၊ တတိယဆု ကျော်စိုးလှိုင် (အမေ့သား)၊ နှစ်သိမ့်ဆု(၁) ထိုက်လင်းအောင်၊ နှစ်သိမ့်ဆု(၂) ထိုက်လင်းအောင်၊ နှစ်သိမ့်ဆု(၃) ကျော်ဇေယျ (Kosteed)နှင့် ဂုဏ်ပြုဆု(၁၀)ဆု၊ "Mobile Phone"ကဏ္ဍတွင် ပထမဆု စန်းဝင်းကို၊ ဒုတိယဆု ပြည့်ဖြိုးသက်ပိုင်၊ တတိယဆု မြဇော်၊ နှစ်သိမ့်ဆု(၁) ကိုကိုသက်၊ နှစ်သိမ့်ဆု(၂) စောအောင်သိန်းထွန်း၊ နှစ်သိမ့်ဆု(၃) စောအောင်သိန်းထွန်းနှင့် ဂုဏ်ပြုဆု(၁၀)ဆု၊ "လူပုံ"ကဏ္ဍတွင် ပထမဆု ဇော်မောင်မောင်ဦး(စန္ဒကူး)၊ ဒုတိယဆု ပြည်သန့်စင်၊ တတိယဆု ပြည်စိုးထွန်း(ပန်းချီ)၊ နှစ်သိမ့်ဆု (၁) ပြည်သန့်စင်၊ နှစ်သိမ့်ဆု(၂) သန္တာစိုး(ခ)စိုးမြန်မာ၊ နှစ်သိမ့်ဆု(၃)ဖိုးချားနှင့် ဂုဏ်ပြုဆု (၁၀) ဆု၊ "စိတ်ကြိုက်ဒစ်ဂျစ်တယ်" ကဏ္ဍတွင် ပထမဆု ပြည့်ဖြိုးသက်ပိုင်၊ ဒုတိယဆု စောရှော်ထော့၊ တတိယဆု ကျော်ဇေယျ (Kosteed)၊ နှစ်သိမ့်ဆု(၁) ပြည့်ဖြိုးသက်ပိုင်၊ နှစ်သိမ့်ဆု(၂) ကျော်ဇေယျ (Kosteed)၊ နှစ်သိမ့်ဆု (၃) ပြည့်ဖြိုးသက်ပိုင်နှင့် ဂုဏ်ပြုဆု(၁၀)ဆု၊ "အဖြူအမည်း"ကဏ္ဍတွင် ပထမဆု မောင်မောင်လှိုင်၊ ဒုတိယဆု စောမူယွန့်ဖောင်၊ တတိယဆု စိုင်းသူ(တောင်ကြီး)၊ နှစ်သိမ့်ဆု(၁)ပြည်စိုးထွန်း(ပန်းချီ)၊ နှစ်သိမ့်ဆု(၂)ပြည့်ဖြိုးသက်ပိုင်၊ နှစ်သိမ့်ဆု(၃)ဇော်ဇော်ကောင်းစံနှင့် ဂုဏ်ပြုဆု(၁၀)ဆု၊ "ရှုချင်စဖွယ် ဆေးရောင်စုံ"ကဏ္ဍတွင် ပထမဆု ရဲဝင်းညွန့်၊ ဒုတိယဆု သန္တာစိုး(ခ)စိုးမြန်မာ၊ တတိယဆု အေးချမ်းထွန်း၊ နှစ်သိမ့်ဆု(၁) ရဲဝင်းညွန့်၊ နှစ်သိမ့်ဆု(၂) ပြည့်ဖြိုးသက်ပိုင်၊ နှစ်သိမ့်ဆု(၃) ခွန်တန်မင်းအောင်နှင့် ဂုဏ်ပြုဆု(၁၀)ဆုတို့ ရရှိကြသည်။

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုအဖြစ် ပြည့်ဖြိုးသက်ပိုင်က ရရှိသွားသည်။ ဆုပေးပွဲအခမ်းအနားကို မတ်လ ၁၆ ရက်၌ ရန်ကုန်မြို့ Sule Square(Promotion Area)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇဗ္ဗ၁)**

## မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ (၁၉)ကြိမ်မြောက် အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ ဗထူးကွင်းတွင် ကျင်းပမည်

**မန္တလေး မတ် ၁၂**

မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ (၁၉)ကြိမ်မြောက် အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၆ ရက် တနင်္ဂနွေနေ့ ညနေပိုင်းတွင် မန္တလေးမြို့၊ လမ်း၃၀နှင့် ၇၁လမ်းထောင့်ရှိ ဗထူးအားကစားကွင်း အထူးတန်းတွင် ကျင်းပမည်ဖြစ်ကြောင်း သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဝင် ဦးဝင်းနိုင်ထံမှ သိရသည်။ **(ယာပုံ)**

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် အသက်(၇၀)နှစ်နှင့်အထက် မန္တလေးဘောလုံးသမားဟောင်း လက်ရွေးစင် ၄၂ ဦးတို့အား အလှူငွေ၊ ဆေးဝါးအစုံ အပါအဝင် ပစ္စည်းအစုံတို့ဖြင့် ဂါရဝပြုကန်တော့ကြမည်ဖြစ်ရာ မန္တလေးဘောလုံးသမားဟောင်း အသင်းဝင်များ အနေဖြင့် အသင်းဝင်များစုစည်းရာ မင်းသီဟကဖေး နေ့လယ်စာပွဲဝိုင်းနှင့် စနေ၊ တနင်္ဂနွေညနေပိုင်း ဗထူးကွင်း အထူးတန်းသို့လည်းကောင်း၊ အသင်းဒုဥက္ကဋ္ဌ ဦးကျော်သန်း ဖုန်း ၀၉-၂၀၃၂၉၈၁၊ အသင်းအမှုဆောင်များဖြစ်ကြသော ဦးမြင့်ကိုဦး ဖုန်း ၀၉-၂၀၂၄၈၁၁၊ ဦးမျိုးနိုင် ဖုန်း ၀၉-၂၀၁၁၉၉၉၊ ဦးဝင်းနိုင် ဖုန်း ၀၉-၈၀၁၈၀၆၁၇ တို့ထံသို့လည်း ဆက်သွယ်၍ ငွေသားဖြစ်စေ၊ ပစ္စည်းဖြစ်စေ ကုသိုလ်ပြု ပါဝင်လှူဒါန်းနိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(တင်မောင်-မန်း)**





မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်  စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ထားရှိမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာ-ကိုရီးယားအဆင့်မြင့်ဆန်စက်လုပ်ငန်း လည်ပတ်မှုအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❍ ရှေ့ဖုံးမှ

## စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းစီမံကိန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေဇေယျာသီရိမြို့နယ်အောင်ဇေယျမအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စု ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေပေးမြောင်းများနှင့် ကုန်ထုတ်လမ်းများ ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ ယခင်က မိုးတစ်သီးသာစိုက်ပျိုးနိုင်သော်လည်း ယခုကဲ့သို့ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ပေးနိုင်ခဲ့သည့်အတွက် တစ်နှစ်လျှင်သုံးသီးစိုက်ပျိုးဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူများကိုလည်း စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ "အစကောင်းမှ အနှောင်းသေချာမည်" ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျ မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်တွင် မြေကို စနစ်တကျပြုပြင်ဆောင်ရွက်သကဲ့သို့ မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေနှင့် အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်မှုရရှိစေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပန်းတိုင်အထွက်နှုန်းများ ပြည့်မီနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်မှ ကြိတ်ခွဲရရှိသည့် ဆန်အရည်အသွေးအား ကြည့်ရှုစဉ်။

❖ စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်

❖ "အစကောင်းမှ အနှောင်းသေချာမည်" ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်

ယခု ဖော်ထုတ်ပြီးစီးသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှု၊ ထွက်ရှိမှုတို့ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ စိုက်ကေများအားလုံး၌ မည်သည့်သီးနှံကို စိုက်ပျိုးသည်ဖြစ်စေ အပင်ရေပြည့်မီအောင် စိုက်ပျိုးသွားရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကျေးလက်နေလူဦးရေသည် ပိုမိုများပြားပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်ကြသည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ထားရှိမှုနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုအခြေအနေများ၊ စီမံကိန်းနယ်မြေအတွင်း စပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မြန်မာ - ကိုရီးယား အဆင့်မြင့်ဆန်စက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိမ်းစားပင်ကျေးရွာရှိ မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်သို့ရောက်ရှိရာ တာဝန်ခံဖြစ်သူ ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဒေသထွက်ဆန်မျိုးများအလိုက် ကြိတ်ခွဲထုတ်လုပ်ထားရှိမှုများကို စာမျက်နှာ ၄ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ)နေရာတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံကြီးမွေးမြူရေးဇုန်ရှိ ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသား ပေါက်မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆန်စက်အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မြန်မာ-ကိုရီးယား အဆင့်မြင့် ဆန်စက်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ ဒေသထွက် စပါးများအား သိုလှောင်နိုင်မှု၊ ကြိတ်ခွဲနိုင်မှုဖြင့် ထွက်ရှိလာသည့် ဆန်များအား ဖြန့်ဝေနိုင်မှုအခြေအနေများ၊ သမဝါယမအသင်းအချင်းချင်း ပူးပေါင်း၍ ဆန်စက်လည်ပတ်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ သမဝါယမအသင်းများ၏ အားသာချက်များနှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် ဆန်များအရည်အသွေးကောင်းမွန်ရန်လိုပြီး ပြည်သူများ အဆင့်မီမီစားသုံးနိုင်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီး အရည်အသွေးမီသည့်ဆန်များဖြစ်ရန်လိုကြောင်း၊ Eating Quality ကောင်းပြီးဈေးကွက်ရရှိနိုင်သည့်ဆန်များ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း၊ မြန်မာ့ဂုဏ်ဆောင် ပေါ်ဆန်းမွှေးဆန်အား ကမ္ဘာ့ဈေးကွက်ရရှိရေး ကြိုးပမ်းရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### နဝင်းချောင်းတံတား(အဆုံ) ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်လျက်ရှိမှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား(အဆုံ)နေရာသို့ ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မိုးအဆက်မပြတ်ရွာသွန်းကာ ရေတိုက်စားမှုကြောင့် တံတားပြိုကျပျက်စီးခဲ့မှုအား လေးလမ်းသွားတိုးချဲ့တည်ဆောက်ပြီးစီးမှု၊ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားချဉ်းကပ်ရေလမ်းအနီး မြစ်ကြောင်းဖြောင့်ခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်း၊ သောင်တူးဖော်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွေးမြူရေးဇုန်ရှိ ဦးမြတ်စံ၏ကြက်ခြံတွင် အသားတိုးကြက်နှင့်ဥစားကြက်များမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### ဆောင်းနေကြာ ၈၀ ဧက စိုက်ခင်း ဆောင်ရွက်ထားရှိမှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ရောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဆောင်းနေကြာဧက ၈၀ စိုက်ခင်းနေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ယခင်နှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးသွားသည့် ရောက်ကုန်းကျေးရွာအနီးရှိ လယ်မြေများအတွင်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးထားရှိမှု၊ ဆောင်းနေကြာစိုက်ခင်းအတွင်း ရေဆင်းစပ်မျိုးနေကြာ-၁ အမျိုးအစားအား စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီကို ပြည်ပမှနှစ်စဉ်တင်သွင်းရလျက်ရှိသဖြင့် ဆီထွက်သီးနှံများကို ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေကြာသီးနှံအပါအဝင် ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စားသုံးဆီဈေးနှုန်းများလည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်အောင်ဆောင်ရွက်ပြီး အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ကံကြီးမွေးမြူရေးဇုန်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာရှိ ကံကြီးမွေးမြူရေးဇုန်သို့ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်နှင့် ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်များအလိုက် မွေးမြူရေးလုပ်ငန်းများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး သာယာဝပြောသည့် နိုင်ငံဖြစ်ပေါ်စေရန်၊ နိုင်ငံတွင် စားရေရိက္ခာပေါများပြီး နိုင်ငံသူနိုင်ငံသားများအားလုံး ဝဝလင်လင်ဖြင့် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်သည့် နိုင်ငံဖြစ်စေရန် ဟူသည့် မူဝါဒများပင်ဖြစ်ကြောင်း၊ ဒေသအလိုက် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေရေးအတွက် နိုင်ငံအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ဒေသတွင်းစားသုံးမှုဖူလုံရေးကို *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

ကနဦး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဆောင်ရွက်ပြီးပါက ပြည်ပသို့တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့နေသူများဖြစ်၍ သား၊ ငါး၊ ဥများ ဖူလုံစွာစားသုံးနိုင်ရန်လိုကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများတွင် ဒေသအလိုက် မွေးမြူရေးများရှိသဖြင့် စနစ်တကျ မွေးမြူရန်လိုကြောင်း၊ ဒေသတွင်းရှိသည့် လူဦးရေနှင့် အသားစားသုံးနိုင်မှုအချိုးကို တွက်ချက်၍ တစ်နေ့လိုအပ်ချက်၊ တစ်လလိုအပ်ချက်၊ တစ်နှစ်လိုအပ်ချက် စသည်ဖြင့် တွက်ချက်ပြီး စနစ်ကျနသည့် မွေးမြူရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပြင် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း မိမိတို့ဒေသအလိုက် စားရေးဖူလုံရေးကို စနစ်တကျဖြင့် တွက်ချက်၍ စနစ်ကျနသည့် မွေးမြူရေးကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသအလိုက် မွေးမြူရေးဇုန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုပြီး ပြည်တွင်းအသားစားသုံးမှုဖူလုံရေးကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့်လည်း ခိုင်မာမှုရှိပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဇုန်များအလိုက် မွေးမြူရေးထုတ်ကုန်များကို အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်၍ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပိုလျှံသည်များကို အသားအကြမ်းထည်တင်ပို့ခြင်း၊ MSME လုပ်ငန်းများဖြင့် ကုန်ချောပြုလုပ် တင်ပို့ခြင်းတို့ဖြင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ လုပ်ငန်းရှင် ဦးတင်မြိုင်၏ အသားတိုးဝက်မွေးမြူရေးခြံ၊ လုပ်ငန်းရှင် ဦးမြတ်စံ၏ အသားတိုးကြက်နှင့် ဥစားကြက် မွေးမြူရေးခြံ၊ ဦးတွမ်ခင်ဝင်း၏ နို့စားနွားနှင့် နွားသားပေါက် မွေးမြူရေးခြံတို့အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံအနီး စက်မှုလယ်ယာစနစ်ကျလယ်မြေ ဖော်ထုတ်ခြင်း စီမံကိန်းနှင့်ပတ်သက်၍တာဝန်ရှိသူတစ်ဦးနှင့် တောင်သူတစ်ဦး၏ ပြောကြားမှုကိုလည်း ယခုလိုပဲ ကြားသိရပါသည်-



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဆောင်းနေကြာ ဧက ၈၀ စိုက်ခင်းနေရာ၌ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တာဝန်ယူဆောင်ရွက်တဲ့ အဖွဲ့အစည်းအနေနဲ့ကတော့ စက်မှုလယ်ယာဦးစီးဌာနလက်အောက်မှာရှိတဲ့ စနစ်ကျ လယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ (အထက်မြန်မာပြည်) လယ်ဝေးမြို့က ဝန်ထမ်းတွေကပဲ ဌာနပိုင် စက်ယန္တရားတွေ၊ ဌာနဝန်ထမ်းတွေနဲ့ တာဝန်ယူဆောင်ရွက်ပေးတာဖြစ်ပါတယ်။ စီမံကိန်းစတင်တဲ့အချိန်ကာလကတော့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ကစတင်ခဲ့ပြီးတော့ စီမံကိန်းပြီးစီးတဲ့အချိန်ကာလကတော့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာတော့ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့က ဖော်ထုတ်ပြီးတဲ့ စနစ်ကျ လယ်မြေတွေပေါ်မှာ တောင်သူတွေက နွေစပါးစိုက်ပျိုးဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒီနေ့အထိဆိုရင်တော့ စိုက်ပျိုးပြီးတဲ့ဧကဆိုရင် ဧက ၁၀၀ လောက် စိုက်ပျိုးပြီးဖြစ်ပြီး ကျန်တဲ့ဧက ၁၇၀ ကျော်လောက်ကလည်း ထွန်ယက်စိုက်ပျိုးဖို့ မြေယာပြုပြင်တာတွေ ဆောင်ရွက်လျက်ရှိနေပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေက အချိန်မရွေး၊ ရာသီမရွေး ရိတ်သိမ်းတဲ့အချိန်မှာ ရိတ်သိမ်းပြီးတော့ သယ်ပို့ပေးနိုင်တာဖြစ်တဲ့အတွက် အရည်အသွေးကောင်း သီးနှံတွေလည်းရရှိစေမှာဖြစ်ပါတယ်။ လယ်ကွက်တွေကလည်း ကျယ်ပြန့်ပြီးတော့ မြေယာပြန့်ပြူးတာကြောင့် နဂိုကရေသုံးစွဲတဲ့ ပမာဏထက်ကို လျှော့ချပြီးတော့ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ လယ်ကွက်ကျယ်တွေမှာ လယ်ယာသုံးစက်ကိရိယာတွေက စက်စွမ်းအားအပြည့် မောင်းနှင်အသုံးပြုနိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့ လောင်စာဆီသုံးစွဲမှုတွေကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ ပြီးတော့လည်း ကုန်ထုတ်လမ်းတွေ ပါဝင်တဲ့အတွက် လယ်ယာသုံးစက်ကိရိယာတွေ အချိန်မရွေး၊ အခါမရွေး ဝင်ထွက်သွားလာပြီး လုပ်ကိုင်နိုင်တာဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ တစ်သီးစားကနေပြီးတော့ နှစ်သီးစား၊ သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ပြီးလို့ရှိရင် လယ်ယာလုပ်သားတွေ သုံးစွဲတဲ့နေရာမှာ လယ်ယာသုံးစက်ကိရိယာတွေနဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်တာကြောင့် လယ်ယာလုပ်သားသုံးစွဲမှုကို လျှော့ချနိုင်ပြီးတော့ ပိုလျှံလာတဲ့ လယ်ယာလုပ်သားတွေကို နိုင်ငံတော်ရဲ့ အခြားသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ ပြောင်းလဲပြီးတော့ အသုံးချနိုင်မှာဖြစ်ပါတယ်။

လယ်ယာမြေဖော်ထုတ်ပေးတဲ့ အကျိုးကျေးဇူးတွေကတော့ နိုင်ငံတော်ကနေ ကျွန်တော်တို့တောင်သူတွေကို လုပ်ပေးတဲ့အတွက် အရင်တုန်းကဆိုရင် လယ်ယာ ၁၄ ကွက်လောက်ရှိပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော် လေးကွက်ပဲ ဖြစ်သွားပါတယ်။ ရေအနေနဲ့လည်း တော်တော်လေးအဆင်ပြေပါတယ်။ အရင်တုန်းက ကွက်စိတ်သောက်ရေ သောက်ရပါတယ်။ နိုင်ငံတော်ကနေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတဲ့အတွက် မြောင်းကနေ တိုက်ရိုက်ရပါတယ်။ နောက်ပြီးတော့ ဒီစီမံကိန်းတွေလုပ်တဲ့အတွက် တောင်သူအားလုံးအတွက် အကျိုးအများကြီးရှိပါတယ်။ ရေစုပ်စနစ်ပါ လုပ်ပေးထားတဲ့အတွက် အကုန်လုံးအဆင်ပြေပါတယ်။ အခုလို ကျွန်တော်တို့ကိုနိုင်ငံတော်ကနေအခမဲ့ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတဲ့အတွက် တောင်သူတွေကိုယ်စား အများကြီးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။





# သံအမတ်ကြီး ဦးသစ်လင်းအုန်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၃

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ သမ္မတနန်းတော်၌ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား ဂရီဂေါ်ရဲဗိချ် လူကာရှန်ကို ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ သတင်းစဉ်

# မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မတ် ၁၂

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# နိုင်ငံရေးပါတီ (၂၉)ပါတီက ပူးတွဲသဘောထားထုတ်ပြန်ကြေညာ

**နိုင်ငံရေးပါတီ (၂၉) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ( ၁၄ ) ရက်**
**၂၀၂၅ ခုနှစ်၊ မတ်လ ( ၁၂ ) ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ်၊ မတ်လ (၃) ရက်နေ့မှ မတ်လ (၉) ရက်နေ့ထိ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ကျွန်ုပ်တို့နိုင်ငံရေးပါတီများက များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဒေါ်တင်တင်ရီ | ဥက္ကဋ္ဌ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၁။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၆။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၇။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၈။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၉။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၂၀။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၁။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၂။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၃။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၄။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၅။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၂၈။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ | |
| ၂၉။ | ဒေါက်တာခင်မောင်ဦး | ဥက္ကဋ္ဌ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်မှ ၂၅ ရက်အထိ အိန္ဒိယနိုင်ငံ ပတ္တနားမြို့၌ ကျင်းပမည့် Bihar အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် အဘက်ဘက်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အစွမ်းကုန်ကြိုးစားပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ရာတွင် စည်းကမ်းတကျ သွားလာနေထိုင်ကြရန်လိုကြောင်း၊ မိမိအားကစားသမားများ၏ အားသာချက်/အားနည်းချက်များကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် ပြိုင်ပွဲအနိုင်အရှုံးရလဒ်များကို မှတ်တမ်းများစနစ်တကျပြုစုထားရှိပြီး အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူများထံ သတင်းပို့ တင်ပြသွားရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာ မရရှိစေရေးအတွက် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ မြန်မာလူမျိုးတို့၏ အစွမ်းအစကိုပြသ၍ မလျော့သော ဇွဲ၊ စိတ်ဓာတ်ဖြင့် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ခဲ့ကြရန် တိုက်တွန်းပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြ လေးဦး၊ ဒိုင်တစ်ဦး၊ (အမျိုးသား/အမျိုးသမီး) အားကစားသမား ၁၂ ဦး စုစုပေါင်း ၁၇ ဦးတို့သည် (အမျိုးသား/အမျိုးသမီး)နှစ်ယောက်တွဲပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယနှင့် မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနှင့် ကဘော်ချိုင့်ဝှမ်းကိစ္စ၊ မီဇိုရမ်လွှတ်တော်အမတ်များ ပြောကြားချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မီဒီယာတွေမေးမြန်းနေတဲ့ အိန္ဒိယနဲ့မြန်မာနယ်စပ် မဏိပူရဒေသအကြောင်းနဲ့ ကဘော်ချိုင့်ဝှမ်းကိစ္စပြီးရင် မီဇိုရမ်လွှတ်တော်အမတ်တွေ ပြောကြားတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်လွှတ်တော်အမတ် K. Vanlalvena က အိန္ဒိယနဲ့နယ်စပ်ချင်း ထိစပ်နေတဲ့ မြန်မာနိုင်ငံအနောက်မြောက်ဘက် နေရာဒေသတွေကို သွားရောက်ခဲ့တယ်ဆိုပြီးတော့ The Hindu သတင်း Website မှာ ဖော်ပြထားတာ တွေ့ရပါတယ်။


THE HINDU

## Mizoram MP visits rebel outfit in Myanmar, asks them to join the Indian Union

Mizo National Front MP crosses to Myanmar on foot, meets Chinland Council to "forge friendship and brotherhood"; says they "belong to the same Mizo family", will brief Home, External Affairs Ministers on his talks

VIJAITA SINGH

READ LATER PRINT



Mizoram MP K. Vanlalvena with the offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India | Photo Credit: Special Arrangement

Mizoram MP K. Vanlalvena visited the camp and offices of the Chinland Council, a rebel outfit controlling parts of north-west Myanmar in areas bordering India, last week. He said

သူပြောကြားတာကတော့ K. Vanlalvena က မီဇိုရမ်ပြည်နယ်ကနေ မြန်မာနိုင်ငံအတွင်းကို နယ်စပ်ဖြတ်ကျော်ပြီး သွားရောက်ခဲ့တယ်။ အဲဒီခရီးစဉ်နဲ့ ပတ်သက်ပြီး မီဇိုရမ်ပြည်နယ် အုပ်ချုပ်ရေးမှူးနဲ့ နယ်ခြားစောင့်တပ်ကို အသိပေးအကြောင်းကြားခဲ့တယ်ဆိုပြီးတော့လည်း The Hindu သတင်း Website က ဖော်ပြထားတာကို တွေ့ရပါတယ်။ ပြီးရင် CNF၊ CNA ချင်းPDF အဖွဲ့တွေနဲ့တွေ့ဆုံခဲ့တယ်ဆိုပြီးလည်း ပြောကြားထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ့အပြင် အိန္ဒိယ - မြန်မာနယ်စပ် ချင်းနယ်စပ်ဆက်စပ်တဲ့နေရာပေါ့။ တမူး-ကဘော်ချိုင့်ဝှမ်းဒေသနဲ့ ပတ်သက်ပြီးလည်း အိန္ဒိယအထက်လွှတ်တော် အစည်းအဝေးမှာ မဏိပူရပြည်နယ် ပါလီမန်လွှတ်တော်အမတ်တစ်ဦးကနေပြီး ဒီဟာနဲ့ပတ်သက်ပြီး ယခင်သမိုင်းကြောင်းအရ အိန္ဒိယဘက်က ပိုင်တယ်ဆိုတဲ့ သဘောမျိုး ပြောကြားခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် မီဇိုရမ်ပြည်နယ်ကနေတစ်ဆင့် မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတဲ့ နိုင်ငံခြားသားများ ကိစ္စနဲ့ပတ်သက်ပြီး ဒီလ ၁၀ ရက်နေ့မှာ မီဇိုရမ်ပြည်နယ် ဝန်ကြီးချုပ် Lalduhoma က မီဇိုရမ်ပြည်နယ်လွှတ်တော်မှာ ပြောကြားခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ် ဇွန်လကနေ ဒီဇင်ဘာလအတွင်း နယ်စပ်ဒေသဖြစ်တဲ့ Aizawl ကို နိုင်ငံခြားသား ၂၀၀၀ နီးပါး လာရောက်လည်ပတ်ပြီး ပြည်နယ်အတွင်းတော့ သွားနေတာမတွေ့ဘဲနဲ့ အဓိက ရည်ရွယ်ချက်က မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ပြီး မြန်မာ့ပြည်တွင်းရေးတွေကို ဝင်ရောက်စွက်ဖက်ရန်ဖြစ်တယ်ဆိုပြီး လွှတ်တော်မှာ တရားဝင်တင်ပြခဲ့တဲ့ သတင်းကိုလည်း The Times Of India သတင်းဌာနကနေပြီး ပြောကြားထားတာကို တွေ့ရပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး မီဒီယာတွေရဲ့မေးမြန်းချက်ကို ကျွန်တော်ပြောကြားလိုတာကတော့ မြန်မာနဲ့ အိန္ဒိယနိုင်ငံဆိုတာ မိတ်ဆွေကောင်း နိုင်ငံတွေဖြစ်ပါတယ်။ အိန္ဒိယနဲ့ Act East Policy နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ ယခင်ကလည်း ပြောကြားခဲ့ပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံအစိုးရအနေနဲ့ အိန္ဒိယနယ်မြေကို အသုံးပြုပြီး မြန်မာကို ဆန့်ကျင်နေတဲ့ အုပ်စုများကို မလိုလားသလို မြန်မာနယ်မြေကို အသုံးပြုပြီး အိန္ဒိယအစိုးရကို ဆန့်ကျင်နေတဲ့ အုပ်စုများကိုလည်း မြန်မာနိုင်ငံအနေနဲ့ လက်ခံမထားပါဘူး။ ဒီဟာတွေနဲ့ ပတ်သက်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိခဲ့ပါတယ်။ အောင်မြင်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကိုလည်း လက်တွေ့ပြသပြီးဖြစ်တယ်ဆိုတာ အိန္ဒိယနိုင်ငံအစိုးရအနေနဲ့ သိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနဲ့အတူပဲ ယခင်ကအတိုင်း သဘောတူထားတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်အတိုင်းပဲ ကျွန်တော်တို့ နေထိုင်လျက်ရှိပါတယ်။ မိတ်ဆွေကောင်းပီသစွာ နေထိုင်လျက်ရှိပါတယ်။ မြန်မာ-အိန္ဒိယ နယ်စပ်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် မြန်မာ-အိန္ဒိယ နယ်စပ်ဟာ ၁၀၁၀ မိုင်ကျော်ရှည်လျားပါတယ်။ ၁၆၂၆ ကီလိုမီတာရှိပါတယ်။ တိုင်းတာပြီး ၉၀၇ မိုင်ကျော်ရှိပါတယ်။ ကီလိုမီတာအားဖြင့် ၁၄၆၀ ကျော် တိုင်းတာပြီးဖြစ်ပါတယ်။ အများစုတိုင်းတာပြီးဖြစ်ပါတယ်။ အခုပြောဆိုနေတဲ့ ကဘော်ချိုင့်ဝှမ်းဒေသ ဆိုတာလည်း ယခင်တိုင်းတာပြီး အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်ခြားသတ်မှတ်ချက်အနေနဲ့ ၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်နေ့မှာ ချုပ်ဆိုထားတဲ့ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာလည်း ရှိပြီးဖြစ်ပါတယ်။ ဒီကဘော်ချိုင့်ဝှမ်းဒေသနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင် ယခင်တုန်းကလည်း ၂၀၁၃ တုန်းကလည်း အိန္ဒိယရဲ့ အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ BJP ပါတီက တမူး-ကလေး-မင်းကင်းမြို့နယ်တွေ ပါဝင်တဲ့ ကဘော်ချိုင့်ဝှမ်းဒေသကို ပြန်ယူပေးမယ်ဆိုပြီး မဲဆွယ်တာမျိုးရှိခဲ့တယ်။ ဒါတွေကိုလည်း ကလေးမြို့မှာကော၊ မင်းကင်းမြို့မှာကော ဒေသခံတွေက ဆန္ဒပြကန့်ကွက်ခဲ့တာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြောကြားချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံအတွက် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းအဖြစ် အမြဲရပ်တည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတဲ့ အချို့သောနိုင်ငံရေးသမားတွေအနေနဲ့ မိမိရဲ့နိုင်ငံရေး လိုဘတစ်ခုတည်းကိုကြည့်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပျက်ပြားအောင် မလုပ်သင့်ဘူးဆိုတာ ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ နယ်မြေပိုင်ဆိုင်မှုကို လေးစားသင့်တယ်လို့ ပြောကြားလိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ အသိပေးသင့်တာတွေ၊ ပြောဆိုသင့်တာတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

သတင်းစဉ်


THE TIMES OF INDIA

India | Times Evoke | Cancel Patriarchy | Maharashtra | Delhi | Karnataka | Tamil Nadu | Telangana | Uttar Pradesh | West Bengal

## Foreigners entering Myanmar via Mizoram to train rebels: CM

HC Vanlalruata / TNN / Mar 11, 2025, 03:38 IST

SHARE | FOLLOW US

Foreigners from the US and UK are crossing into Myanmar via Mizoram to provide arms training to local insurgents, according to Mizoram's chief minister. The Center has heightened surveillance in border areas following involvement from China and the US in the Myanmar conflict. The reimposition of the prote... Read More

AIZAWAL: Foreigners, including those from the US and the UK, are crossing into Myanmar via Mizoram to impart arms training to insurgents there, CM Lalduhoma informed Mizoram assembly on Monday.

The CM said while nearly 2,000 foreigners visited Aizawl between June and Dec last year, they were never seen in the streets, alluding to the fears that their main intention had been to cross into Myanmar to interfere in its internal affairs.

Centre has been closely watching the situation in the border areas after China and the US involved themselves in Myanmar conflict. The recent visit of Mizoram by the US ambassador to India without any prior intimation also came as a surprise, he said.

Union home ministry re-imposed the protected area regime in Manipur, Nagaland and Mizoram to monitor the movement of foreigners.

*Stay updated with the latest India news, weather forecast for major cities like Delhi, Mumbai, Noida, and Bengaluru on Times of India.*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း မီဒီယာများ၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။



# သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား (၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနားကျင်းပ၊ ဘုရားဖူးလာပြည်သူများဖြင့်စည်ကား

**မန္တလေး မတ် ၁၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဇီဝိတဒါနအဖြစ် ငါးမြစ်ချင်းအကောင်ရေ ၂၀၀၀၀ ကို ဒုဋ္ဌဝတီမြစ်အတွင်း လွှတ်ပေးကြပြီး ပွဲဈေးတစ်လျှောက် လိုက်လံကြည့်ရှုကာ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာပြည်သူများနှင့် ဈေးဆိုင်ရှင်များအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသန္တက မဟာဓမ္မဗိမာန်တော်ကြီးတွင် ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖူးမြော်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဥတ္တမထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြည်ညိုကာ ရေစက်သွန်းလောင်းပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**














သတင်း-စာမျက်နှာ ၈

















သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာစို့

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၈၇၇၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Min Truck တစ်စီး၊ Nissan Diesel Truck နှစ်စီး၊ Hino Ranger Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Chenglong Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခြောက်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၃၇၇၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်နှင့် မကွေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် ခိုကျွန်းအနီး၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၀၀၀၀၀၀ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဖလုံ(၂) နယ်မြေ၌ တရားမဝင် သစ်မာ ၁ ဒသမ ၈၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၇၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မြောက်ဒဂုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၇၀၀၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ မုဒုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် အင်းယားလမ်းဘေး၌ ပိုင်ရှင်မဲ့စုပုံထားသော တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၇၁ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၀၇၆၉၅)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၃၄၀၇၆၉၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့အထွက် Puma စက်သုံးဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၇၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၁၀၅၇၉၈)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၈၂၇၉၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၁၅၄၃၇၅၆၃)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

## ပေါက်ခေါင်း၌ တပ်မတော်က လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရဟု မဟုတ်မမှန် သတင်းများ ဝါဒဖြန့်လှုံ့ဆော်လျက်ရှိ

နေပြည်တော် မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် သစ်ရောင်းပြန်ရွာ ကံကြီးကုန်းနှင့် ဖိုလ်ကုန်းကျေးရွာတို့တွင် မတ် ၁၀ ရက်က တပ်မတော်၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံ ၂၀၀ ကျော် စစ်ရှောင်နေရကြောင်း မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပေါက်ခေါင်းမြို့နယ်မှ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူ တစ်ဦးထံ ဆက်သွယ်မေးမြန်းရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့်အတွက် အပြစ်မဲ့ပြည်သူများနေထိုင်ရာ ကျေးရွာများကို လက်နက်ကြီးပစ်ခတ်မှု မရှိကြောင်း၊ ပေါက်ခေါင်းမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင် လှုပ်ရှားနေသည့်နေရာများအား ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးများ ဆောင်ရွက်လျက်ရှိသည်ကို အကြမ်းဖက်အားပေးပြည်ဖျက် မီဒီယာများက လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ် ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Xz King" Facebook အကောင့်နှင့် "Xz King" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကမာနတ်ကျေးရွာနေ စိုးမိုးဦးအား ည ၆ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့ မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စဉ့်ကိုင်မြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများဆောင်ရွက်

စဉ့်ကိုင် မတ် ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်း မီးလောင်၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် သရုပ်ပြသခြင်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။ (အောက်ပုံ)

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက Gas မီးလောင်မှုဖြစ်ပွားခြင်းအား မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်းများ၊ Gas အိုးမီးလောင်မှုဖြစ်ပွားပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်သည့် နည်းစနစ်များ၊ စနစ်တကျသိုလှောင်ထားခြင်းမရှိသော လောင်စာဆီသိုလှောင်ကန်များမှ မီးလောင်မှုဖြစ်ပွားခြင်းအား လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို ပြသကာ တက်ရောက်လာသူများနှင့်အတူ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)



# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ သီယာဂိုမော့တာအား နည်းပြရာထူးမှ ထုတ်ပယ်ရန် ဂျူဗင်တပ်အသင်း စီစဉ်



**တူရင် မတ် ၁၂**

စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အသင်းနည်းပြ သီယာဂိုမော့တာအား နည်းပြရာထူးမှ ထုတ်ပယ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ထင်သလောက် ကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြ သီယာဂိုမော့တာအား ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

နည်းပြ သီယာဂိုမော့တာသည် ဂျူဗင်တပ်အသင်းအား ၂၀၂၄ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၁ပွဲတွင် ၁၈ပွဲနိုင်၊ ၁၇ပွဲသရေ၊ ၆ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ သီယာဂိုမော့တာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဂျူဗင်တပ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။(အပေါ်ဝဲပုံ) (NGB)

## ချန်ပီယံလိဂ်တစ်ရာသီတည်းတွင် သွင်းဂိုး ၁၀ဂိုးထိ သွင်းယူနိုင်သူအဖြစ် ဟယ်ရီကိန်းမှတ်တမ်းဝင်

**မြူးနစ် မတ် ၁၂**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ချန်ပီယံလိဂ်တစ်ရာသီတည်းတွင် သွင်းဂိုး ၁၀ဂိုးထိ သွင်းယူနိုင်သည့် ပထမဆုံးကစားသမား အဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက လေဗာကူဆင်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး ၃၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။(အပေါ်ပုံ) (NGB)

## ရာဖေးလီယာအိုအား ခေါ်ယူရန် ချဲလ်ဆီးအသင်းစိတ်ဝင်စား

**လန်ဒန် မတ် ၁၂**

ချဲလ်ဆီးအသင်းသည် အေစီမီလန်အသင်းတောင်ပံကစားသမား ရာဖေးလီယာအိုအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၉ပွဲ



ကစားပြီး ၆၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တောင်ပံကစားသမား ရာဖေးလီယာအို ကိုယ်တိုင်ကလည်း လက်ရှိအချိန် အေစီမီလန်အသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းထံမှ ရာဖေးလီယာအိုအား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပါ ပြုလုပ်နိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ယာမဲလ်မှတ်တမ်းဝင်

**ဘာစီလိုနာ မတ် ၁၂**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်(အသက် ၁၇နှစ်၊ ၄၁ရက်)သည် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက်တစ်ပွဲတည်းတွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပါ ပြုလုပ်နိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။



အဆိုပါ တောင်ပံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဘင်ဖီကာအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အဖိုးတန်သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ပွဲကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၁၇)နှစ်အရွယ်ရှိ ယာမဲလ်က "ကျွန်တော် အခုလို စံချိန်မှတ်တမ်းတွေ ပိုင်ဆိုင်ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို စံချိန်တွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အပေါ်ဝဲပုံ) (NGB)

## 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Holger Rune တက်ရောက်



**မိုင်ယာမီ မတ် ၁၂**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune သည် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဒိန်းမတ်တင်းနစ်ကစားသမား Holger Rune နှင့် နယ်သာလန်တင်းနစ်ကစားသမား Tallon Griekspoor တို့ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## အလက်ဇန္ဒားအာနိုးလ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လီဗာပူး မတ် ၁၂**

လီဗာပူးအသင်း နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်သည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူသွားရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ပီအက်စ်ဂျီအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းခံစစ်ပိုင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄၉ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(၁၆-သင်းအဆင့်) (ဒုတိယအကျော့)ပွဲစဉ်ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | ပထမအကျော့ရလဒ် | အမှတ်ပေးပွဲဦး အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၃-၂၀၂၅ နံနက် ၀၀:၁၅နာရီ | လာဇီယို - ဗစ်တိုးရီးယားပလာဇန် (အီတလီ-၅) (ချက်-၂) | ဗစ်တိုးရီးယားပလာဇန် ၁-၂ လာဇီယို | လာဇီယို(အိမ်) | ၁၄ | ၇ | ၅ | ၂ | ၂၈ | ၂၀ |
| | | | ဗစ်တိုး(ဝေး) | ၁၃ | ၇ | ၃ | ၃ | ၁၈ | ၁၀ |
| ။ | အိုလံပီယာကို့စ် - ဘိုဒို (ဂရိ-၁) (နော်ဝေ-၁) | ဘိုဒို ၃-၀ အိုလံပီယာကို့စ် | အိုလံ(အိမ်) | ၁၃ | ၉ | ၄ | - | ၂၃ | ၉ |
| | | | ဘိုဒို(ဝေး) | ၁၅ | ၈ | ၄ | ၃ | ၂၇ | ၁၆ |
| ။ | ဖရန့်ဖတ် - အေဂျက်စ် (ဂျာမနီ-၄) (နယ်သာလန်-၁) | အေဂျက်စ် ၁-၂ ဖရန့်ဖတ် | ဖရန့်(အိမ်) | ၁၃ | ၇ | ၃ | ၃ | ၃၁ | ၂၀ |
| | | | အေဂျက်စ်(ဝေး) | ၁၃ | ၉ | ၂ | ၂ | ၂၃ | ၁၁ |
| ။ | ဘီလ်ဘာအို - ရိုးမား (စပိန်-၄) (အီတလီ-၇) | ရိုးမား ၂-၁ ဘီလ်ဘာအို | ဘီလ်ဘာ(အိမ်) | ၁၄ | ၈ | ၅ | ၁ | ၂၇ | ၉ |
| | | | ရိုးမား(ဝေး) | ၁၄ | ၄ | ၆ | ၄ | ၁၃ | ၁၇ |
| ၁၄-၃-၂၀၂၅ နံနက် ၀၂:၃၀နာရီ | စပါး - အယ်လ်ခမာ (အင်္ဂလန်-၁၃) (နယ်သာလန်-၆) | အယ်လ်ခမာ ၁-၀ စပါး | စပါး(အိမ်) | ၁၅ | ၅ | ၃ | ၇ | ၃၀ | ၂၆ |
| | | | အယ်လ်ခမာ(ဝေး) | ၁၂ | ၆ | ၃ | ၃ | ၁၇ | ၁၂ |
| ။ | ရိန်းဂျားစ် - ဖီနာဘာချီ (စကော့တလန်-၂) (တူရကီ-၂) | ဖီနာဘာချီ ၁-၃ ရိန်းဂျားစ် | ရိန်းဂျားစ်(အိမ်) | ၁၅ | ၁၂ | ၁ | ၂ | ၃၆ | ၈ |
| | | | ဖီနာ(ဝေး) | ၁၃ | ၈ | ၄ | ၁ | ၃၂ | ၁၂ |
| ။ | လိုင်ယွန် - FCSB (ပြင်သစ်-၆) (ရိုမေးနီးယား-၁) | FCSB ၁-၃ လိုင်ယွန် | လိုင်ယွန်(အိမ်) | ၁၂ | ၇ | ၂ | ၃ | ၂၄ | ၁၅ |
| | | | FCSB(ဝေး) | ၁၅ | ၇ | ၆ | ၂ | ၂၀ | ၁၁ |
| ။ | မန်ယူ - ဆိုစီဒက် (အင်္ဂလန်-၁၄) (စပိန်-၉) | ဆိုစီဒက် ၁-၁ မန်ယူ | မန်ယူ(အိမ်) | ၁၅ | ၆ | ၂ | ၇ | ၂၃ | ၂၅ |
| | | | ဆိုစီဒက်(ဝေး) | ၁၃ | ၄ | ၂ | ၇ | ၈ | ၁၄ |

## ယူအီးအက်ဖ်အေ ကွန်ဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ (၁၆-သင်းအဆင့်)(ဒုတိယအကျော့)ပွဲစဉ်ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | ပထမအကျော့ရလဒ် | အမှတ်ပေးပွဲဦး အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၃-၂၀၂၅ နံနက် ၀၂:၃၀နာရီ | လူဂါနို - ဆဲလ်ဂျီ (ဆွစ်ဇာလန်-၄) (ဆလိုဗေးနီးယား-၅) | ဆဲလ်ဂျီ ၁-၀ လူဂါနို | လူဂါနို(အိမ်) | ၁၄ | ၈ | ၃ | ၃ | ၂၇ | ၂၀ |
| | | | ဆဲလ်ဂျီ(ဝေး) | ၁၁ | ၃ | ၄ | ၄ | ၁၄ | ၁၄ |
| ။ | ဆာကယ်လ်ဘာရူဂျက် - ဂျာဂျီယာလိုနီရာ (ဘယ်လ်ဂျီယံ-၁၃) (ပိုလန်-၃) | ဂျာဂျီယာလိုနီရာ ၃-၀ ဆာကယ်လ်ဘာရူဂျက် | ဆာကယ်လ်(အိမ်) | ၁၅ | ၅ | ၆ | ၄ | ၁၇ | ၁၈ |
| | | | ဂျာဂျီယာ(ဝေး) | ၁၂ | ၆ | ၃ | ၃ | ၁၈ | ၁၇ |
| ။ | ရက်ပစ်ဗီယင်နာ - ဘန်ဂျာလူကာ (ဩစတြီးယား-၆) (ဘော့စနီးယား-၂) | ဘန်ဂျာလူကာ ၁-၁ ရက်ပစ်ဗီယင်နာ | ရက်ပစ်(အိမ်) | ၁၀ | ၇ | ၁ | ၂ | ၁၉ | ၉ |
| | | | ဘန်ဂျာ(ဝေး) | ၁၀ | ၇ | ၃ | - | ၁၉ | ၉ |
| ။ | ချော်ဂါးဒန်း - ပါဖိုစ် (ဆွီဒင်-၄) (ဆိုက်ပရပ်စ်-၁) | ပါဖိုစ် ၁-၀ ချော်ဂါးဒန်း | ချော်ဂါး(အိမ်) | ၁၅ | ၈ | ၄ | ၃ | ၂၀ | ၁၅ |
| | | | ပါဖိုစ်(ဝေး) | ၁၃ | ၁၁ | - | ၂ | ၂၃ | ၆ |
| ၁၄-၃-၂၀၂၅ နံနက် ၀၀:၁၅နာရီ | ဗစ်တိုးရီးယားဂီမာရေး - ဘက်တစ် (ပေါ်တူဂီ-၆) (စပိန်-၆) | ဘက်တစ် ၂-၂ ဗစ်တိုးရီးယားဂီမာရေး | ဂီမာရေး(အိမ်) | ၁၂ | ၆ | ၅ | ၁ | ၂၃ | ၁၄ |
| | | | ဘက်တစ်(ဝေး) | ၁၃ | ၄ | ၃ | ၆ | ၁၃ | ၁၈ |
| ။ | ဖီအိုရင်တီးနား - ပါနာသီနာကို့စ် (အီတလီ-၈) (ဂရိ-၃) | ပါနာသီနာကို့စ် ၃-၂ ဖီအိုရင်တီးနား | ဖီအို(အိမ်) | ၁၄ | ၈ | ၃ | ၃ | ၂၃ | ၁၅ |
| | | | ပနာသီ(ဝေး) | ၁၃ | ၅ | ၅ | ၃ | ၁၃ | ၁၄ |
| ။ | လီဂီယာဝါဆော - မိုလ်ဒီ (ပိုလန်-၅) (နော်ဝေ-၅) | မိုလ်ဒီ ၃-၂ လီဂီယာဝါဆော | လီဂီယာ(အိမ်) | ၁၂ | ၈ | ၂ | ၂ | ၂၀ | ၁၃ |
| | | | မိုလ်ဒီ(ဝေး) | ၁၅ | ၇ | ၄ | ၄ | ၂၅ | ၁၃ |
| ။ | ချဲလ်ဆီး - ကိုပင်ဟေဂင် (အင်္ဂလန်-၄) (ဒိန်းမတ်-၂) | ကိုပင်ဟေဂင် ၁-၂ ချဲလ်ဆီး | ချဲလ်ဆီး(အိမ်) | ၁၄ | ၈ | ၄ | ၂ | ၂၇ | ၁၅ |
| | | | ကိုပင်(ဝေး) | ၁၀ | ၄ | ၄ | ၂ | ၁၄ | ၁၀ |

## AFC Challenge လိဂ်(ကွာတားဖိုင်နယ်-ဒုတိယအကျော့)ပွဲစဉ်

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|
| ၁၃-၃-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၅:၀၀နာရီ (သုဝဏ္ဏကွင်း) | ရှမ်း - ဆာဒေးရီယန် (မြန်မာ-၁) (ကမ္ဘောဒီးယား-၁) | ဆာဒေးရီယန် ၆-၂ ရှမ်း |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ (၂၀၂၅)ခုနှစ်အတွင်း ပထမအကြိမ်တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင်အလှူငွေ စိုက်ထူလှူဒါန်းပွဲ ကျင်းပ

**မန္တလေး မတ် ၁၂**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော သင်ကြား၊ စီမံဆရာတော်ကြီးများ၊ စာချဆရာတော်များနှင့်စာသင်သား ရဟန်းသံဃာတော်အရှင်မြတ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက (၂၀၂၅)ခုနှစ်အတွင်း ပထမအကြိမ် တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းပဒေသာပင် အလှူငွေစိုက်ထူလှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ၆၂ လမ်း၊ ၁၂ လမ်းနှင့် ၁၄ လမ်းကြားရှိ အဆိုပါ တက္ကသိုလ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။



ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကောသလ္လ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးကျော်ဆန်း၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ဌာနမှူးများက နံနက် ၅ နာရီခွဲတွင် အရုဏ်ဆွမ်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦးနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်းကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယပါမောက္ခချုပ်(စီမံ)အဂ္ဂမဟာပဏ္ဍိတဒေါက်တာဘဒ္ဒန္တပဒုမသာရ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်မြတ် ငါးပါးကြွရောက်ချီးမြှင့်တော်မူပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကာ တက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့က ဒုတိယပါမောက္ခချုပ်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြည်ညိုကြပြီးနောက် အတွင်းရေးမှူး၊ ကော်မတီဝင်(၁)နှင့် ဌာနမှူးများက ဆရာတော်ကြီးများထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစုများ၏ (၂၀၂၅)ခုနှစ်အတွင်း ပထမအကြိမ် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း ငွေကျပ် ၅၀၅၁၄၀၀ ကို ဝန်ထမ်းမိသားစုများကိုယ်စား အတွင်းရေးမှူးဦးဝင်းမောင်က ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မန္တလေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ဒုတိယပါမောက္ခချုပ်ဆရာတော်ကြီးက အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားတွင် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပထမအကြိမ်ဆွမ်းပဒေသာပင် အလှူငွေစိုက်ထူလှူဒါန်းခြင်း၊ ရေစက်ချဆရာတော်ငါးပါးတို့အား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့အတွက် ယနေ့လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၀၃၇၃၆၀၀ ဖြစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်းမှာ ယခင်ငွေကျပ် ၄၄၉၄၈၆၀၀ လှူဒါန်းခဲ့ပြီးဖြစ်၍ ယနေ့ထပ်မံစိုက်ထူ လှူဒါန်းငွေကျပ် ၅၀၅၁၄၀၀ အပါအဝင် စုစုပေါင်း ဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်းငါးရာတိတိကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများအနေဖြင့် လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)





# ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရေးလုပ်ငန်း VDP စီမံကိန်းဖြင့် ယန်းခိုင်ကျေးရွာတို့၌ ကုန်ထုတ်လမ်းဂျင်းမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၀ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံများ၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း မှာကြားသည်။




မိုင်းယန်းမြို့နယ်၊ ယန်းခိုင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း၊ စုစုပေါင်း ငွေကျပ် ၁၆ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ပေ ၁၉၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကျေးရွာ ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောသည်။

(၀၄၀)

## မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် တာဝန်ထမ်းဆောင်မည့် ကြီးကြပ်ရေးမှူးများနှင့် တွေ့ဆုံ



**မန္တလေး မတ် ၁၂**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်မည့် ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို မတ် ၉ ရက်နံနက်ပိုင်းက မန္တလေးမြို့၊ အမှတ်(၁၆) အခြေခံ ပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ပညာရေးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၈၉ ခုမှ ကြီးကြပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကြီးကြပ်ရေးမှူးများကိုယ်စား ကြီးကြပ်ရေးမှူးတစ်ဦးက တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ ပြင်ဆင်ထားရှိမှုများအား တင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသော ကြီးကြပ်ရေးမှူးများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မန္တလေးတိုင်းဒေသကြီးအနေဖြင့် သက်ဆိုင်ရာအခြေခံပညာကျောင်းများ၌ စာစစ်ဌာန ၈၉ ခုဖြင့် အေးချမ်းစွာဖြေဆိုနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

**(ဝ၉၃)**



## ၁၁ လတာအတွင်း ဆန်တင်ပို့မှုမှ ဒေါ်လာ ၁၀၈၇ သန်းရရှိကြောင်း MRF ထုတ်ပြန်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာအတွင်း ပြည်ပဝယ်လက် နိုင်ငံများထံ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၀၈၇ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မတ် ၅ ရက်က ထုတ်ပြန်ထားသည်။

ဆန်၊ ဆန်ကွဲမက်ထရစ်တန်ချိန် ၂၃၇၃၇၀၇ ဒသမ ၅ တန် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၀၈၇ သန်း ရရှိထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများဆုံး ဝယ်ယူတာဖြစ်ကြောင်း MRF ထုတ်ပြန်ချက်စာရင်းတွင် ဖော်ပြထားသည်။

လအလိုက် တင်ပို့မှုကို ကြည့်ရင် အောက်တိုဘာလမှာ အများဆုံး တင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီလမှာ ဆန်၊ ဆန်ကွဲ တန်ချိန် ၁၂၉၄၅၂ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ သန်း ထပ်မံရရှိခဲ့ခြင်း ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း ဆန်တန်ချိန် ၁၃၁၃၈ တန်၊ ဆန်ကွဲတန်ချိန် ၅၆၇၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၁၂၉၄၅၂ ဒသမ ၉ တန် တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန်လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်း၊ စက်တင်ဘာလမှာ ၁၀၄ သန်း၊ အောက်တိုဘာလမှာ ၁၈၉သန်း၊ နိုဝင်ဘာလမှာ ၁၅၆ သန်း၊ ဒီဇင်ဘာလမှာ ၁၄၅ သန်း၊ ဇန်နဝါရီလမှာ ၈၇ သန်း၊ ဖေဖော်ဝါရီလမှာ ၅၂ သန်းရရှိထားကြောင်းကိုလည်း MRF ၏ အချက်အလက်များအရ သိရသည်။

ဆန်နှင့်ဆန်ကွဲ အမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကိုကြည့်ရင် ပြည်ပနိုင်ငံ ၂၁ နိုင်ငံက အဓိက ဝယ်လိုအားရှိပြီး အဲဒီအထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများဆုံးဝယ်ယူထားပြီး ဒုတိယအများဆုံးမှာ တရုတ်နိုင်ငံနှင့် တတိယအများဆုံးမှာ ပိုလန်နိုင်ငံက အများဆုံးဝယ်ယူသူတွေအဖြစ် ရှိနေသည်။ **(အပေါ်ပုံ)**

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံကိုးခုကနေ အများအပြား ဝယ်ယူလျက်ရှိပြီး တရုတ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံတွေကနေ အများဆုံး ဝယ်ယူလျက်ရှိသည်ကို စာရင်းတွေမှာ ဖော်ပြထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ဘဏ္ဍာနှစ်အတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ရန် ရည်မှန်းထားပြီး လက်ရှိအချိန်ထိ တန်ချိန် ၂ ဒသမ ၃ သန်းကျော် တင်ပို့ထားကြောင်း သိရသည်။ **ရွှေမန်း**

## မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ MRF IMMERSION DAY 2025 ကျင်းပ

**ရန်ကုန် မတ် ၁၂**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ MRF IMMERSION DAY 2025 အား မတ် ၈ ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် "ဆန်နှင့်ဆန်ထွက်ပစ္စည်းများ အရည်အသွေး တိကျစွာ တိုင်းတာမှုဆိုင်ရာနှင့် ဇီဝနည်းပညာ သုတေသနလုပ်ငန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ ဒုတိယအစီအစဉ်အဖြစ် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် သက်ဆိုင်ရာ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအတွက် AI ၊ IOT နှင့် Machine Learning တို့အကြောင်း မိတ်ဆက်ခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းနှင့် တတိယပိုင်း အစီအစဉ်အဖြစ် မြန်မာ့ဆန်စပါးလုပ်ငန်းအတွက် နေရောင်ခြည်စွမ်းအင် (Solar Energy) တိုးမြှင့်သုံးစွဲနိုင်သည့် အလားအလာများ၊ နည်းပညာများအပေါ် အသိပညာပေး ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားခြင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးအေးခိုင်၊ ညွှန်ကြားရေးမှူး ဒေါက်တာ မာလာဝင်းတို့က ဘာသာရပ်ဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ Azule Global Co., Ltd မှ ဦးအေးချမ်းကိုက ဆန်စပါးအလေးချိန်တိုင်းတာရေးကိရိယာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြောကြားခြင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Myanmar Digital Economy Association (MDEA)နှင့် PHI Co., Ltd မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အသိပညာပေး ဆွေးနွေးပြောကြားကြသည်။

ထို့နောက် RJE Myanmar Co., Ltd. Grand Royal Group International, Myanmar Koei International Ltd. Shwe War Yaung General Service Co., Ltd. ZLT Super Electrical Co., Ltd. Pro Engineering Co., Ltd. နှင့် Mega Global Green Automation Co., Ltd.တို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အသိပညာပေး ဆွေးနွေးခဲ့ကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ MRF IMMERSION DAY 2025 တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် Solar ကုမ္ပဏီ ခုနစ်ခုတို့အကြား နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆန်စက်နှင့် သိုလှောင်ရုံများတွင် Solar Energy တပ်ဆင်အသုံးပြုနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ MoU ခုနစ်ခုကို လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**




*-*-*-*-*

## ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်ရရှိသော ကောက်ရိုးမှိုများကို စိုက်ပျိုးသင့်

**မန္တလေး မတ် ၁၂**

ကောက်ရိုးမှိုအား စနစ်တကျစိုက်ပျိုးလျှင် ကုန်ကျစရိတ်နည်းပါးပြီး တောင်သူများအကျိုးအမြတ်ကောင်းမွန်သော သီးနှံတစ်မျိုးဖြစ်ကြောင်း မှိုစိုက်ပျိုးသူများထံမှ သိရသည်။

ကုန်ကျစရိတ်အားဖြင့် အလျား ၉ ပေ၊ အနံ ၃ပေခန့်ရှိသော မြေကွက်လပ်ပေါ်တွင် စိုက်ပျိုးပါက စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် ငွေကျပ်ငါးသောင်းဝန်းကျင်ခန့်သာကုန်ကျပြီး ပိဿာချိန် ၁၀-၁၅ ပိဿာခန့် ပြန်လည်ထွက်ရှိသည်။

"သေချာဂရုစိုက်ပြီးတော့ စိုက်ပျိုးရပေမယ့် ကုန်ကျစရိတ်အားဖြင့် သိပ်မကုန်ကျဘူး၊ ပြန်လည်ထွက်ရှိရာမှာလည်း အလျား ၉ပေ၊ အနံ ၃ပေ တစ်ပေါင်ကို ပိဿာချိန် ၁၅ ပိဿာအထိ ထွက်တယ်။ တစ်ပိဿာကို လက်ရှိပေါက်ဈေးအနေနဲ့ ငွေကျပ် ၁၀၀၀၀ ကျော်ရှိပါတယ်။ စိုက်ပျိုးသူတွေအတွက် တွက်ခြေကိုက်ပါတယ်"ဟု ကောက်ရိုးမှို စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ကောက်ရိုးမှိုအား တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျှင် သန့်ရှင်းခြောက်သွေ့သောကောက်ရိုး (သို့မဟုတ်)ရိုးပြတ်များ၊ ဂျပ်စက္ကူများ၊ နွားချေးမြေဆွေး စသည်တို့တွင် စိုက်ပျိုးကြကြောင်း၊ တချို့မှာ ကောက်ရိုးပုံများကို ရေလောင်းကာ ဆန်ကွဲ၊ ဖွဲနုများ ကြဲပက်မှုများကို ပြုလုပ်ပြီး စိုက်ပျိုးကြသည်။

"မှိုစိုက်ရာမှာ အရေးကြီးတာတစ်ခုတော့ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ စိုက်ပျိုးချိန်အရေးကြီးပြီး စနစ်တကျ ဂရုစိုက်လုပ်ဆောင်ဖို့ ဒါမှသာလျှင် ထွက်နှုန်းကောင်းမှာဖြစ်တယ်။ ဂရုမစိုက်ဘူးဆိုရင် အထွက်နှုန်းမကောင်းတာတွေ၊ မှိုလုံးဝမထွက်တာ၊ အထွက်နောက်ကျတာတွေအပြင် အပွင့်ငယ်တာတွေ ဖြစ်တတ်ပါတယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။



ကောက်ရိုးမှိုစိုက်ပျိုးရာတွင် မြေနေရာညီညာ၍ ရေမဝပ်သောနေရာဖြစ်ရမည်ဖြစ်ပြီး အရိပ်ရရှိပြီး လေဝင်လေထွက်ကောင်းမွန်သောနေရာ ဖြစ်ရမည်ဖြစ်ကြောင်း၊ မှိုစိုက်ပျိုးပြီး ၁၅ရက်ခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး တစ်ရက်လျှင် ၃-၅ပိဿာခန့် ထွက်ရှိပြီး သုံးရက်ခန့် ဆက်တိုက်နုတ်ယူနိုင်ကြောင်း၊ ပထမအကြိမ်မှိုခူးပြီး နောက်ပိုင်းရက်များတွင် မှိုထွက်နှုန်းပိုမိုရရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း



နေပြည်တော် မတ် ၁၂

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေကျင်နိကာယ အဓိပတိမဟာနာယက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ ဒုတိယနေ့တွင် ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ဆေး၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက် ၇ နာရီက စစ်ကိုင်းတောင်ရိုးရှိ သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ တက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတောင်ရိုးတွင် ပရိယတ္တိ၊ ပဋိပတ္တိတရားများ ပွားများအားထုတ်လျက်ရှိကြသည့် စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များ၊ သီတဂူဗုဒ္ဓ တက္ကသိုလ်များမှ ဆရာတော်/သံဃာတော်များက စနစ်တကျ စီတန်း၍ အလှူခံကြွကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်လောင်းလှူကြသည်။ ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် စေတနာရှင် အလှူရှင်များက ကောင်းမှုကုသိုလ်များအတွက် မေတ္တာပို့အမျှပေးဝေကြပြီး အလှူအောင်ပွဲအထိမ်းအမှတ် မိုးပျံပူဖောင်းများ လွှတ်တင်ကြသည်။

သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်တွင် စစ်ကိုင်းတောင်ရိုးမှ ဆရာတော်၊ သံဃာတော်များ၊ သီတဂူဗုဒ္ဓတက္ကသိုလ်များမှ ဆရာတော်၊ သံဃာတော်များအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော် အိတ် ၁၀၀၀၊ ဆီ ပိဿာ ၂၀၀၀၊ ပဲတစ်ပြည်ဝင်အိတ် ၁၀၀၀၊ သင်္ကန်းအစုံ ၁၀၀၀ နှင့် လှူဖွယ်ပစ္စည်းတို့ကို လောင်းလှူခဲ့ကြကြောင်း သိရှိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၉၉ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၅၇၄၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၇၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# မတ်ပဲ အခွန်ကင်းလွတ်ခွင့်နှင့် တင်သွင်းခွင့်ကို အိန္ဒိယက တစ်နှစ်သက်တမ်း ထပ်တိုးပေး

မန္တလေး မတ် ၁၂

အိန္ဒိယက အခွန်ကင်းလွတ်ခွင့်နှင့် မတ်ပဲတင်သွင်းခွင့်ပြုသည့်ကာလကို လာမည့် ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ အိန္ဒိယဘက်က သက်တမ်းထပ်တိုးပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အခွန်ကင်းလွတ်ခွင့်နှင့် တင်သွင်းခွင့် သက်တမ်းက ယခုမတ်လ ၃၁ ရက်မှာ သက်တမ်းကုန်ဆုံးမှာ ဖြစ်တာကြောင့် အိန္ဒိယအစိုးရက နောက်ထပ်သက်တမ်းတစ်နှစ်ကို ထပ်တိုးပေးလိုက်ခြင်းဖြစ်သည်။

"အားလုံးမျှော်လင့်နေတဲ့ ဒီအခွန်ကင်းလွတ်ခွင့်သက်တမ်းကို ထပ်တိုးပေးလိုက်ပါပြီ။ ထပ်တိုးပေးလိုက်ကြောင်း မနေ့ကပဲ ထုတ်ပြန်လာတာပါ။ ဈေးကွက်ကတော့ စောင့်ကြည့်ရမယ်။ ဒီနေ့လည်း ထပ်တက်လာပါတယ်"ဟု ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

အိန္ဒိယနိုင်ငံမှာ လက်ရှိ မတ်ပဲအသစ်များ ထွက်နေပြီး ဈေးကွက်ထဲဝင်နေသော်လည်း အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာအတွက် လိုအပ်ချက်ရှိနေသေးတာကြောင့် မတ်ပဲအခွန်ကင်းလွတ်ခွင့်နှင့် တင်သွင်းခွင့်အပေါ် သက်တမ်းထပ်မံတိုးခြင်းဖြစ်သည်။

မတ်ပဲအခွန်ကင်းလွတ်ခွင့်နှင့် တင်သွင်းခွင့်သက်တမ်း ထပ်မံတိုးမြှင့်ပေးလိုက်တာကြောင့် မြန်မာ့မတ်ပဲဈေးကွက်ကလည်း လက်ရှိဖြစ်နေတဲ့ဈေးတန်းထက် အများကြီး ကျဆင်းနိုင်မယ့် အခြေအနေမရှိကြောင်း မြန်မာကုန်သည်များက သုံးသပ်ထားသည်။

အိန္ဒိယကလည်း မြန်မာမတ်ပဲကို ယခုနှစ်မှာ တန်ချိန်တိုးမြှင့်ပြီး ဝယ်ယူသွားရန်ရှိကြောင်း ပြောဆိုထားတာတွေရှိသည့်အပြင် ပြည်တွင်းမှာ မတ်ပဲအထွက်နှုန်းလည်း လျော့ကျတာကြောင့် မတ်ပဲဈေးကွက်ပြန်လည်မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းသုံးသပ်ထားသည်။ (အပေါ်ပုံ)

မတ် ၁၁ ရက်မှာ ရန်ကုန်ဘုရင့်နောင်မှာ မတ်ပဲ FAQ တစ်တန်ကို ငွေကျပ် ၃၀၄၂၀၀၀ ရှိလာပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာတော့ မတ်ပဲ ပိဿာ ၂၀ တစ်တင်းကို ငွေကျပ် ၉၆၀၀၀ မှ ငွေကျပ် ၉၇၅၀၀ အထိဖြစ်လာကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ကျင်းပ

**မိုင်းခတ် မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Women Club) မှ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)၏ "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို မတ် ၁၁ ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အကြောင်း ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်မှူး ဒေါ်နန်းခင်ညွန့်က စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်းပြောကြားကာ တက်ရောက်လာကြသော Women Club မှ အဖွဲ့ဝင် ဒေါ်မြင့်မြင့်စန်းက အဆိုပါစာအုပ်မှ "လူငယ်တွေအတွက် လူကြီးတွေစပြင်သင့်သည့်အရာများ"၊ အဖွဲ့ဝင် ဒေါ်ဇဖြူငြိမ်းက "ပညာတတ်ဖို့ စာဖတ်ရမည်"၊ အဖွဲ့ဝင် ဒေါ်မိုးပွင့်ဇော်က "စာသင်ရာမှာ ရယ်မောစရာ"ခေါင်းစဉ်ပါ စာပိုဒ်များအား ဖတ်ကြားဆွေးနွေးရာ အဖွဲ့ဝင်များက စာပေဖတ်ရှုခြင်းအကြောင်းများ အပြန်အလှန် ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## ကျောင်းဆင်းဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်းနှင့် ပဒေသာကပွဲများ ကျင်းပ

**တောင်တွင်းကြီး မတ် ၁၂**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊တောင်တွင်းကြီးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနတွင် မတ် ၁၁ ရက် နံနက် ၉နာရီက ကျောင်းဆင်းဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်းနှင့် ပဒေသာကပွဲများကို တောင်ပြင် (၂)ရပ်ကွက်မူလတန်းကြိုကျောင်းတွင် ကျင်းပသည်။

အခမ်းအနားကို မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူရင်သွေးငယ်လေးများ၏ ပဒေသာကပွဲများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြပြီး မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူမောင်မောင်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူ ရင်သွေးငယ်များအား ကျောင်းဆင်းဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**နောင်နောင်(မိဿနီးမြေ)**

## ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

**ပုဗ္ဗသီရိ မတ် ၁၂**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများက နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲကို အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ မြို့နယ်ဦးစီးမှူးက ဆုရွေးချယ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မြို့နယ်ဦးစီးမှူးက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ကို(ဖန်ခါးမြေ)**



## မြို့နယ်သမဝါယမလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အောင်လံ မတ် ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးသည် မတ် ၈ ရက်က အောင်လံမြို့နယ်၊စက်ရုံရပ်ကွက်ရှိ အသင်းစုပိုင်မြေနေရာသို့ သွားရောက်၍ ဆီကြိတ်ခွဲရေးလုပ်ငန်း၊ ပဲခွဲစက်နှင့် ရာသီအလိုက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆီကြိတ်ခွဲရေးလုပ်ငန်း၊ပဲခွဲစက်နှင့်ရာသီအလိုက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး၊သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ်အသင်းစု ဥက္ကဋ္ဌတို့အား လိုအပ်သည်များကို ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးက ဒုရင်ဂိုလ်ကျေးရွာ၊ ရွာထောင်မျိုးစေ့ထုတ်သမဝါယမအသင်းဥက္ကဋ္ဌနှင့်အတူ စိုက်ပျိုးရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ အမှုဆောင်များနှင့် တွေ့ဆုံကာ စပါးကြိတ်ခွဲစက်၊စပါးအခြောက်ခံစက်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မှုကို ဦးစီးဌာနသို့ ဆက်လက်တင်ပြသွားရန် မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ နံ့ဇူပင်ကျေးရွာရှိ နွေစပါးစိုက်ပျိုးသူ အသင်းသား တောင်သူများနှင့် တွေ့ဆုံကာ အသင်းသားများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

*-*-*-*-*

ဗလငါးတန်ဖွံ့ဖြိုးဖို့၊
စာအုပ် စာပေ လေ့လာစို့ ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မြတ်ပုဗ္ဗ ပြည်တော်ဝင် အခါတော်နေ့

* ပြည်တော်ဝင်နေ့ ဟူသည်မှာ
တပါင်းလပြည့်ခါ
ကာဠုဒါယီ ပန်လျှောက်ကြား
ကြွမြန်းမြတ်ဘုရား ။

* တောတောင်တစ်လွှား ဝဲ ယာအစုံ
ငှက်ပေါင်းမြူးတူးခုန်
ရွက်ပေါင်းကုန် ရွက်သစ်လဲ
တပေါင်းသာယာမြဲ ။

* ထူးကဲပုဗ္ဗ ပြည်တော်ဝင်
ကပိလဝတ်တွင်
ရဟန္တာအရှင် နှစ်သောင်းနှင့်
နောက်ပါခြံရံတင့် ။

* သာကီမာန်ဝင့် ပယ်နုတ်ကာ
ပေါက္ခရ မိုးကြီးရွာ
တရားဒေသနာ အမြိုက်ဆေး
အားလုံးကို တိုက်ကျွေး ။

* ကျေးဇူးကြီးမား ခမည်းတော်
အရဟတ္တဖိုလ် တည်ပြီးသော်
မိထွေးတော် နို့ချိုကျွေး
ကျွတ်တန်းဝင်ပြီလေး ။

* ရှေးရှေးဘဝ ယသော်ဒေဝီ
ပါရမီဖြည့်ဖက်ညီ
စန္ဒကိန္နရီ ဟောညွှန်ပြီး
သားတော်ရာဟု သင်္ကန်းစည်း ။

* ယူဇနာခရီး ခြောက်ဆယ်ကွာ
တစ်နေ့ တစ်ယူဇနာ
နှစ်လကြာ ကြွချီမြန်း
လျှောက်ပတ် မပင်ပန်း
မြတ်ဘုရား ပြည်တော်ဝင်ခန်း ။ ။

**ရွှေမင်းသား (စစ်ကိုင်း)**



## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာပတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် စာဖတ်ဝိုင်းမှတစ်ဆင့် ဘဝအထောက်အပံ့ဖြစ်စေမည့် အတွေးအခေါ်ကောင်းများရရှိရန်ရည်ရွယ်၍ စာရေးဆရာခင်မောင်ညို (ဘောဂဗေဒ)(ဘာသာပြန်)ရေးသားသည့် "ဘဝတစ်လျှောက် အောင်မြင်ပျော်ရွှင်နည်း" စာအုပ်ကို ယမန်နေ့ နံနက် ၁၀နာရီက ပုံပါကျင်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာဖတ်ဝိုင်းကျင်းပသည်။ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိဖြိုးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ (Book Club) ဥက္ကဋ္ဌ ဦးထွန်းလင်းက "အပြစ်မတင်ဘဲ အလုပ်ဖြစ်အောင်လုပ်ပါ" ခေါင်းစဉ်ဖြင့် ဦးစွာဖတ်ကြားဆွေးနွေးခဲ့ပြီး (Book Club)အဖွဲ့ဝင်များက "မမုန်းအောင်ဝေဖန်နည်း" "ငြီးငွေ့မှုကိုကုစားနည်း" စသည့် ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာအသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ မြို့မအားကစားကွင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ ညနေပိုင်းက ကျင်းပရာ မြို့နယ် အား/ကာနှင့် မြို့နယ် ပြန်/ဆက်၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၂၅၀ ဦး တက်ရောက်ခဲ့ကြသည်။ အသိပညာပေးဟောပြောပွဲတွင် မိုင်းတုံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇေယျာသန်းဝင်းက နွေရာသီအားကစားသင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က "လူငယ်များ စာတတ်မြောက်ရေး ဝိုင်းဝန်းကူညီပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားတာဝန်ခံ ဦးကျော်ဇင်လတ်က "လူငယ်နှင့်အားကစားအခွင့်အလမ်း" ခေါင်းစဉ်ဖြင့်လည်းကောင်း အကျယ်တဝင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မီးဘေးအန္တရာယ်ကြိုတင်စစ်ဆေးခြင်းများဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဆင်ပြေစွာ ဖြေဆိုနိုင်ရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်စစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီက အ·ထ·က (မိုင်းပန်)၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဦးဟန်ဇော်မြင့်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအဆင်ပြေစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေရရှိရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိရန် မြို့နယ်မီးသတ်ဦးစီးဌာနကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နွေရာသီသင်တန်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိ

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် လူငယ်လူရွယ်များအတွက် နွေရာသီသင်တန်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန်အတွက် ယမန်နေ့ ညနေပိုင်းမှစတင်၍ အခြေခံဂျူဒိုသင်တန်းအား နည်းပြဆရာ ဦးထွန်းထွန်းနိုင်(နည်းပြ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်)က သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မတ် ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## စွယ်တော်မြတ်စေတီ(မန္တလေး)၌ သတ္တမအကြိမ် နေ့ ည အသံမစဲမဟာပဋ္ဌာန်းရွတ်ပတ်ပူဇော်ပွဲ ကျင်းပ

**အမရပူရ မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီ(မန္တလေး)တွင် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော သတ္တမအကြိမ် နေ့၊ ည အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပွဲ ဖွင့်ပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး တလင်းကြီးကျောင်း ဆရာတော်က ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားပင့်ဆောင်ပြီး လက်သမားဂူကျောင်းတိုက်ဆရာတော်က ပဋ္ဌာန်းအဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။ ဆက်လက်၍ လက်သမားဂူကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် စွယ်တော်ကျောင်းဆရာတော်က နတ်ဗြဟ္မာများကိုဖိတ်ကြားပြီး သံဃာတော်များနှင့် ပဋ္ဌာန်းဒါယကာ၊ ဒါယိကာမအပေါင်းတို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်များကို သံပြိုင်ရွတ်ဆိုပူဇော်ကြပြီး အလှည့်ကျဘာဏကဆရာတော်များက ပဋ္ဌာန်းပါဠိတော်ကို ငါးရက်တိုင်တိုင် ပူဇော်ရွတ်ဆိုသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတဝန်ကြီးဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဂေါပကအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စိုးသီဟ(အမရ)**

## မွေးနေ့အထိမ်းအမှတ် အာဟာရကျွေးမွေးလှူဒါန်း

**မန္တလေး မတ် ၁၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန (ဒုတိယအဆင့်)အသိအမှတ်ပြု ပြည်လုံးချမ်းသာမိဘမဲ့တိုင်းရင်းသားကလေးငယ်များစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်တွင် ယမန်နေ့က အလှူရှင် ကိုမောင်မျိုး+မကေဇာနွယ်(အောင်မြင့်မိုရ်ဟိုတယ်) မိသားစုက (သမီး)ဣန္ဒြေမျိုးနွယ်၏ တစ်နှစ်ပြည့်မွေးနေ့အဖြစ် ကျောင်းတိုက် သံဃာတော်အရှင်မြတ်များအား အရုဏ်ဆွမ်းနှိုးစိမ်းခေါက်ဆွဲ ဆက်ကပ်လှူဒါန်းပြီး မိဘမဲ့ကလေးငယ် ၂၀၀ ကျော်တို့အား နံနက်စာ အာဟာရ နှိုးစိမ်းခေါက်ဆွဲကျွေးမွေးလှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ လှူဒါန်းမှုအစုစုတို့အတွက် ကျောင်းတိုက်ဦးစီးပဓာန နာယက သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသုမင်္ဂလ (ဓမ္မာစရိယ B.A)ဆရာတော်က ရေစက်ချတရားဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကျောင်းတိုက်တွင် မိဘမဲ့တိုင်းရင်းသားကလေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း တစ်နေ့တာ အာဟာရဒါနလှူဒါန်းလိုပါက နံနက်စာအတွက် အလှူငွေကျပ်သုံးသိန်း၊ နေ့လယ်စာအတွက် အလှူငွေကျပ် သုံးသိန်းငါးသောင်း၊ ညနေစာအတွက် အလှူငွေကျပ်သုံးသိန်းနှုန်းဖြင့် ဦးစီးပဓာနနာယကဆရာတော်ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈၃၂၄၅၆ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**





## မန္တလေးမြို့မှ စာမူရှင်များသို့ စာအုပ်ပေးလှူခြင်းအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၂**

မန္တလေးဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဓမ္မဒီပကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စန္ဒသီရိမထေရ် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဂုဏဝိသိဋ္ဌ ပူဇာမော်ကွန်းမဂ္ဂဇင်းတွင် ရေးသားပူဇော်ခဲ့ကြသည့် မန္တလေးမြို့ခံ စာရေးဆရာ၊ ဆရာမများအား ဆရာတော်ဘဒ္ဒန္တစန္ဒသီရိကိုယ်စား စာရေးဆရာမ သီတာဂူ(ကျောက်ဆည်)နှင့်အဖွဲ့တို့က မတ် ၁၁ ရက် နံနက် ၁၀နာရီတွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၃၉လမ်းနှင့်၁၁၇လမ်းထောင့်ရှိ နေ့သစ်လက်ဖက်ရည်ဆိုင်၌ စာအုပ်ပေးလှူခြင်းအခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး စာရေးဆရာမ သီတာဂူ(ကျောက်ဆည်)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာမူရှင်တို့အား စာအုပ်များပေးလှူပြီး စာမူရှင်များကိုယ်စား စာရေးဆရာ မောင်သင်းဝေက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။ အခမ်းအနားသို့ ဝွေးချိုတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလ (လူမှုထူးချွန်-ဒုတိယ) ရဟန်းစာဆိုက တက်ရောက်ချီးမြှင့်ခဲ့သည်။ အခမ်းအနားမှူးအဖြစ် ကဗျာဆရာဝေမင်း သန့် (မကျီးဗုဓ်)က ဆောင်ရွက်ပြီး စာမူရှင် ၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၉)**

## ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပမည်

**မန္တလေး မတ် ၁၂**

မန္တလေးတောင်တော်ဂေါပကအဖွဲ့ကကြီးမှူး၍ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁၃ ရက် နံနက် ၆နာရီတွင် ဆုတောင်းပြည့်ဘုရားအား ဆွမ်းဆက်ကပ်ခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ပရိတ်တရားနှင့်ရေစက်ချတရားနာယူခြင်း နံနက် ၇နာရီတွင် ဆရာတော်သံဃာတော် ၅၄ပါးအား ဘုရားတစ်ဆူ၊ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

**(၀၄၅)**

# မြန်မာတို့၏ မော်ဝင်ရတနာအလှတရား ကမ္ဘာကျော်ပျူပုတီးများ

ခိုင်ခန့်(အမရပူရ)

မြန်မာနိုင်ငံတွင် ပုတီးအမျိုးအစားများစွာ ထုတ်လုပ်လျက်ရှိ၏။ ကျောက်စိမ်းပုတီး၊ ပယင်းပုတီး၊ ကျွန်းနက်ပုတီး၊ နံ့သာပုတီး၊ ပုလဲပုတီး၊ ယွန်းထည်ပုတီး၊ ချင်းပုတီး၊ ပျူပုတီး စသည်ဖြင့် ပုတီးအမျိုးအစားများစွာတွင် မော်ဝင်ရတနာဟု ကမ္ဘာကပင် တင်စားခေါ်ဝေါ်သောပုတီးမှာ ပျူပုတီးဖြစ်သည်။ ပျူပုတီးအကြောင်းကို ပြောမည်ဆိုလျှင် ပျူလူမျိုးများအကြောင်းမှ စတင်ရမည် ဖြစ်သည်။

**မြန်မာမြေပေါ်မှ ပျူလူမျိုးများ**

ပျူလူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ ပထမဦးဆုံးရောက်ရှိလာသော အနောက်တိဘက်အနွယ်ဝင် အုပ်စု ဖြစ်၏။ အိန္ဒိယ အရှေ့ဘက်ဒေသမှ ဧရာဝတီမြစ်ဝှမ်းဒေသတစ်ပိုက်သို့ အစုစုကွဲကာ ဝင်ရောက်ပျံ့နှံ့သွားသော လူမျိုးဖြစ်သည်။ ထို့ပြင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်သို့လည်း ဝင်ရောက်ခဲ့သည်ဟုလည်း ဆိုသည်။

ပျူတို့သည် ရွှေဘို၊ မုံရွာ၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ဟန်လင်းကြီး၊ တကောင်း၊ မြင်းခြံ၊ ပုပ္ပား၊ မကွေး၊ မင်းဘူး၊ ဆင်ဖြူကျွန်း၊ သရက်၊ တောင်တွင်းကြီး၊ ထားဝယ်၊ ရမည်းသင်း၊ ပြည်မော်ဇာနယ်များသို့ အေဒီ ၄နှင့် ၅ ရာစုနှစ်များအတွင်း မြို့ရွာများ ထူထောင်နေထိုင်ခဲ့ကြကြောင်းကို ပျူတို့၏ ရှေးမြို့ဟောင်း၊ မြို့ပျက်များ၊ သင်္ချိုင်းများအား ရှာဖွေတူးဖော်တွေ့ရှိချက်များအရ အခိုင်အမာပြောဆိုနိုင်သည်။

သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိခဲ့သော အရိုးအိုးများပေါ်ရှိ ရေးထိုးထားသော ပျူစာများအရ "ဝိကရာမ"နှင့် "ဝါရမ" မင်းဆက်များသည် ၇ ရာစုခန့်လောက်က သရေခေတ္တရာတွင် စိုးစံခဲ့ကြောင်း အတိအကျ သိရှိရသည်။ ထိုပျူလူမျိုးတို့၏ သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့၏ မြောက်ဘက် ၅ မိုင်ခန့်အကွာတွင် တည်ရှိ၏။ စက်ဝိုင်းပုံမကျတကျ ပုံစံရှိပြီး အုတ်မြို့ရိုး၊ ကျုံးပတ်လည်ဝိုင်းထားသည့် မြို့ဖြစ်သည်။ တောင်မြောက် နှစ်မိုင်ခွဲ၊ အရှေ့အနောက်နှစ်မိုင်ခန့် ကျယ်ဝန်းသည်။ မြို့ရိုးအလယ်ဗဟိုတွင် နန်းဆောင်ရှိပြီး အုပ်ချုပ်မှုထိရောက်ရေး၊ ဆက်သွယ်မှု လျင်မြန်စေရေးအတွက် နန်းတော်ဗဟိုမှ မြို့အစွန်ဘက်အထိ လမ်းများကို လှည်းဘီးသဏ္ဌာန် ဖောက်လုပ်ထားပုံကို ကြည့်လျှင် ပျူလူမျိုးတို့၏ တွေးခေါ်မှုအဆင့် မြင့်မားပုံကို သိနိုင်သည်။

ထို့အပြင် တရုတ်နန်းတွင်းမှတ်တမ်းများ၊ တရုတ်စာပေများအရ မြန်မာနိုင်ငံရှိ ပျူလူမျိုးများသည် ၄ ရာစုခန့်ကတည်းက တိုးတက်သော ယဉ်ကျေးမှုအဆင့်အတန်းရှိပြီး ၈ ရာစုခန့်တွင် ကြီးကျယ်ခမ်းနားသော မြို့ကြီး ၅ မြို့နှင့် ပြည်နယ် ၁၈ ခု ရှိခဲ့ကြောင်းနှင့် ပျူလူမျိုးတို့၏ အရှင်သခင်များတွင် အခြွေအရံများ၊ ကျေးကျွန်များရှိခဲ့ကြောင်း ဖော်ပြထားသည်။ ယူနန်ရှိ ပီကင်းဇေကရာဇ် နန်ချိုဘုရင်ထံ လာရောက်သော သံအဖွဲ့တွင် ပျူမင်းသားနှင့်အတူ ကချေသည်အဖွဲ့လည်း ပါရှိလာခဲ့သည်ဟု မှတ်တမ်းထားရှိခဲ့သည်။

**ယဉ်ကျေးမှုအဆင့်အတန်းမြင့်သောလူမျိုး**

ပျူလူမျိုးများနေထိုင်ခဲ့ရာ မြို့ဟောင်းမြို့ပျက်များကို တူးဖော်ရာတွင် တွေ့ရှိရသော ဗုဒ္ဓဘုရားဆင်းတုများ၊ ခြသေ့်ရုပ်၊ မကန်းရုပ်များနှင့် ဖောင်းကြွရုပ်ပုံထုထားသော တံကဲများ၊ ရွှေပန်းကန်၊ ငွေပန်းကန်၊ အသုံးအဆောင်များကို ကြည့်ခြင်းဖြင့် ၈ ရာစုနှစ်များအတွင်း ပျူတို့၏ယဉ်ကျေးမှုအဆင့်အတန်းမှာ အလွန်မြင့်မားသည်ကို အံ့ဖွယ်တွေ့ရှိရသည်။ ဗုဒ္ဓဆင်းတုတော်များတွင် ထည့်သွင်းပြုလုပ်ရသော ရွှေ၊ ငွေ၊ ကြေးနီ၊ ခဲတို့ကို အရည်ကျိုပုံသွင်းခြင်းအတတ်ပညာမှာ အလွန်အဆင့်အတန်းမြင့်လှ၏။ ရွှေကြုတ်၊ ငွေကြုတ်၊ ရွှေလှေ၊ ငွေလှေများနှင့် စက်ဝိုင်းပုံ၊ လခြမ်းပုံ၊ ဘဲဥပုံ ရွှေပန်းကန်၊ ငွေပန်းကန်များပြုလုပ်သုံးစွဲခဲ့သည်ကို တွေ့ရခြင်းဖြင့် ပျူတို့၏လူနေမှုအဆင့်အတန်းမြင့်မားပုံကို သိနိုင်သည်။ ကျောက်စိမ်းဖြင့် ထုဆစ်ထားသောဆင်ရုပ်၊ ဖန်လ်ကျောက်ဖြင့် ထုဆစ်ထားသော မကန်းရုပ်၊ မဟူရာကျောက်ဖြင့် ပြုလုပ်ထားသော ခြူးရုပ်၊ လိပ်ရုပ်၊ ဝမ်းဘဲ၊ သမင်၊ လိပ်ပြာရုပ်များကို တူးဖော်တွေ့ရှိရာ ရှေးခေတ်ပျူတို့၏ ကျောက်ဆစ်ပညာမှာ အလွန်ပင်အဆင့်အတန်းမြင့်သည်ဟု ဆိုနိုင်သည်။

ထို့အပြင် အနီရောင်သန်းသော မဟူရာကျောက်(Agate)၊ ကျောက်စိမ်း(Green Chalcedony)၊ ပုံဆောင်ကျောက်(Crystal)၊ သဲကျောက်(Sand stone)၊ ဖန်လ်ကျောက်(Glass)၊ နီလာခရမ်းရောင်ရှိသော ကျောက်(Amethyst) စသည်တို့နှင့် ပြုလုပ်ထားသော အလှဆင်ပစ္စည်းများသည် ထိုခေတ်က ပျူလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့် အတန်းမြင့်မားပုံကို မီးမောင်းထိုးပြသကဲ့သို့ဖြစ်၏။ ထိုသို့ အဆင့်အတန်းမြင့်သော လက်မှုပညာပစ္စည်းများထဲတွင် အထင်ရှားဆုံးမှာ ကမ္ဘာတိုင်ကျော်ကြားသော "ပျူပုတီးများ"ဖြစ်သည်။

**ပျူပုတီး**

ပုတီးဆိုသည်မှာ ကြိုးနှင့်သီကုံးပြီး အလှအပအဖြစ်လည်းကောင်း၊ အဆောင်အဖြစ်လည်းကောင်း လည်တွင်ဆွဲ၍ ဝတ်ဆင်ရသော အဆင်တန်ဆာတစ်မျိုးဖြစ်၏။ ထိုပျူခေတ်အသုံးအဆောင်များကို မြေယာထွန်ယက်ရာတွင်လည်းကောင်း၊ အဆောက်အအုံများဆောက်ရန် တူးဆွရာတွင်လည်းကောင်း၊ မြစ်ချောင်း အင်းအိုင် ကမ်းပါးပြိုကျရာတွင်လည်းကောင်း အများဆုံးတွေ့ရှိကြပြီး မြို့ဟောင်းမြို့ပျက်ကုန်းများ၊ သင်္ချိုင်းများ တူးဖော်ရာတွင်လည်းကောင်း တွေ့ရှိရသည်။ ထိုအထဲတွင် ဗုဒ္ဓဆင်းတုတော်များနှင့်ပုတီးများမှာ လက်ရာကောင်းမွန်လှသောကြောင့် ထင်ရှားသည်။

ပျူပုတီးလေးများမှာ အဖြူရောင်ပေါ်တွင် အနက်စင်းကျား ချိပ်ရောင်၊ ကော်ဖီရောင်၊ မိုးခိုးရောင်၊ အစိမ်းရောင်၊ ပယင်းရောင်၊ အဝါရောင် စသည့် အရောင်မျိုးစုံရှိပြီး ဒီဇိုင်း(Design) ပုံစံပေါင်း ၃၀ ခန့်၊ အရွယ်အစားအမျိုးပေါင်း ၂၀ ကျော်ခန့် တွေ့ရှိရ၏။ ပုတီးအမျိုးအစားမှာလည်း ရိုးရိုးပုတီးနှင့် အရုပ်ပုတီးဟူ၍ နှစ်မျိုးကွဲပြားသည်။ အများအားဖြင့် ရောင်စုံရိုးရိုးပုတီးကုံးများ တွေ့ရသော်လည်း သရေခေတ္တရာ ခင်ဘကုန်းမှ အရွယ်စုံအစိမ်းရောင် ဆင်ရုပ်ပုတီးတစ်ကုံးနှင့် ဟန်လင်းရှိ ကုန်းအမှတ်(၈)မှ အစိမ်းရောင် ဆင်ရုပ်ပုတီး လေးကုံးကိုလည်း တူးဖော်ရရှိခဲ့သည်။ ထိုပျူပုတီးသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက မြန်မာ့လက်မှုပညာစစ်စစ်ဖြင့် ထုဆစ်ထားသော ပုတီးများဖြစ်၏။ မြင်သူတိုင်းက သဘောကျနှစ်သက်ခဲ့သော ရတနာတစ်မျိုးဟုဆိုနိုင်သည့် ပျူပုတီးကို အလှအပနှင့် ဉာဏ်ပညာဟူသော အစွမ်းသတ္တိများနှင့် ပြည့်စုံသော ရတနာဖြစ်သည်ဟု ရှေးခေတ်ဦးကျောက်စာ၊ အုတ်ချပ်စာ၊ အိုးခြမ်းကွဲပေါ်တွင် ရေးထိုးထားသောစာများ၊ အုတ်ခဲစာများနှင့် ပုတီးစေ့ပေါ်မှစာများက ညွှန်းဆိုထားသည်။

ထို့ပြင် မြင်သူတိုင်းကို ဆွဲဆောင်မှုရှိစေပြီး ရင်ခုန်စိတ်လှုပ်ရှားအောင် ဆွဲဆောင်နိုင်သော မော်ဝင်ရတနာဟုလည်း ပျူပုတီးများကို ကမ္ဘာက တင်စားထားခဲ့၏။ ပုတီးပြုလုပ်သော ကျောက်သားမှာလည်း မျိုးစုံရှိ၏။ အနီရောင်သန်းသော မဟူရာကျောက်၊ ကျောက်စိမ်းသား၊ ပုံဆောင်ကျောက်၊ သဲကျောက်၊ ဖန်လ်ကျောက်၊ နီလာခရမ်းကျောက် စသည်တို့အပြင် မြေထည်ဖြင့်လည်း ပြုလုပ်လေ့ရှိသည်။

ပုတီးစေ့ပုံသဏ္ဌာန်မှာလည်း ကွမ်းသီးလုံးပုံ (Bettle Nut Shape)၊ လိမ္မော်သီးပုံ (Orange Shape)၊ ဖရဲသီးပုံ (Watermelon Shape)၊ ကြက်ဥပုံ(Egg Shape)နှင့် သပိတ်ပုံများ(Monk Alms Bowl Shape)စသည့် ခပ်လုံးလုံးပုံသဏ္ဌာန်များနှင့် ပိုက်ချောင်းပုံ (Cylinder Shape)၊ အိုးစည်ပုံ (Burmese Drum Shape)၊ မျက်ရည်စက်ပုံ (Tear Drop Shape) စသည့် အနည်းငယ်ရှည်မျောမျောပုံသဏ္ဌာန်များ၊ စတုရန်းပုံ(အန်စာတုံး)များ၊ ဆင်၊ မြင်း၊ ကျား၊ လိပ်၊ နဂါး၊ ငှက် စသော သတ္တဝါပုံစံများနှင့် အပြားအဝိုင်းပုံစံများ ပြုလုပ်ခဲ့ကြသည်။

ပုတီးပြုလုပ်ရာတွင် ကျောက်များကို အပူပေးအရောင်သွင်းခြင်း၊ အကွက်ဖော်ခြင်း၊ အပေါက်ဖောက်ခြင်းများကို ပြုလုပ်ရပြီး ကျောက်သားပုတီး၊ မြေပုတီးများပေါ်တွင် ဆေးလိုင်းရေးဆွဲကြပြီး ပုံဖော်လေ့ရှိ၏။ အထူးသဖြင့် ပုတီးစေ့ကို အရောင်သွင်းသောအခါ အသုံးများသောအရောင်မှာ အဖြူရောင်ဖြစ်သည်။ ထိုအဖြူရောင်ဆေးရည်ကို လူသားစင်စစ်၏ နို့ရည်ကို အသုံးပြုခဲ့ကြသည်ဟု အနောက်တိုင်းပညာရှင်များ၏ ဓာတ်ခွဲလေ့လာ သုတေသနပြုချက်မှ တွေ့ရှိခဲ့သည်။ ထိုပုတီးစေ့များတွင် ရေးဆွဲထားသော အစင်းကြောင်းများ၊ အဝိုင်းများ၊ စာများ(အက္ခရာများ)လည်း ပျူတို့အတွက် အဓိပ္ပာယ်များစွာလေးနက်မှုရှိလှကြောင်းနှင့် ထိုအကြောင်းအရာများကို နိုင်ငံခြားတက္ကသိုလ်များတွင် သုတေသနပြုလုပ်၍ ထင်မြင်ချက်ထုတ်လျက်ရှိသော်လည်း ယနေ့တိုင် အဓိပ္ပာယ်အတိအကျကိုထုတ်၍ သက်သေမပြနိုင်ကြသေးချေ။

ထိုကဲ့သို့ အဓိပ္ပာယ်လေးနက်မှုရှိပြီး အရောင်အသွေးစုံ ပျူပုတီးများကို လူတိုင်းသုံးစွဲနိုင်သည်ဟု မဆိုနိုင်ပေ။ အရည်အသွေးစုံ ကျောက်မျက်များကို သွေး၍ပြုလုပ်ထားသော ပုတီးကို သူဌေးသူကြွယ်များ၊ မင်းမျိုးမင်းနွယ်များသာ ဝတ်ဆင်နိုင်ပြီး သာမန်ဆင်းရဲသားများမှာ




အများအားဖြင့် မြေဖြင့်ပြုလုပ် ဆေးရောင်ခြယ်ထားသော မြေပုတီးများကိုသာ ဆင်မြန်းနိုင်ခဲ့ကြသည်။ သို့သော် ပျူပုတီးတိုင်းသည် လှပခံ့ညားပြီး ဆင်မြန်းသူကို ကျက်သရေရှိစေသည်သာမက အမှောင့်ပယောဂများမှလည်း အကာအကွယ်ပေးနိုင်သည်ဟု အယူအဆရှိကြသဖြင့် ပျူခေတ်ကလူတိုင်း ပျူပုတီးများကို အဆောင်ရတနာအဖြစ် ဆင်မြန်းခဲ့ကြသည်။

**ပျူလူမျိုးများပျောက်ကွယ်ခြင်းနှင့် ယနေ့ခေတ်ပျူပုတီးများ**

ပျူတို့၏ ကြီးကျယ်ခမ်းနားသော ပျူမြို့ပြနိုင်ငံများဖြစ်သော သရေခေတ္တရာသည် ပျူမင်းဆက် ၂၆ ဆက်မြောက်မင်း "အတိတျာ"သည် သက္ကရာဇ် ၅ ခုနှစ်တွင် နတ်ရွာစံချိန် ညီတော် "သုပညာနာဂဆိန္နမင်း"နန်းတက်ခဲ့ပြီး ထိုမင်းလက်ထက်တွင် သရေခေတ္တရာပြည်တွင်းနန်းလုပွဲများကြောင့် ပြိုကွဲခဲ့ရသည်။ ဗိဿနိုးနှင့်ဟန်လင်းမှာ ၈ ရာစု အစောပိုင်းကာလတွင် နန်ကျောက်(နန်ချို)များ၏ စစ်ဒဏ်ခံရပြီး အင်အားနည်းသွားကာ မျိုးတူဗမာ၊ ကရင်၊ ချင်း၊ ပအိုဝ်း စသော လူမျိုးအုပ်စုကြီးများနှင့် ရောနှောပျောက်ကွယ်ခဲ့သည်ဟု ယူဆကြသည်။ ယခုအခါ ပျူလူမျိုးများ၏ မြို့ဟောင်းနေရာများမှ တူးဖော်ရရှိသော အသုံးအဆောင်ပစ္စည်းများမှာ အလွန်အဖိုးထိုက်တန်သည်။ ထို့ကြောင့် နိုင်ငံခြားသား ရှေးဟောင်းပစ္စည်းစုဆောင်းရောင်းချသူများ၏ လက်တွင်းသို့ အများအပြား ရောက်ရှိခဲ့သည်ဟု ဧကမ္ဘာပြတိုက်ပိုင်ရှင် ဦးခင်ရွှေက ဆိုသည်။ ပျူပုတီးတန်ဖိုးမှာ အလွန်မြင့်သောကြောင့် ယနေ့ခေတ်တွင် ပျူပုတီးများ ပြုလုပ်ရောင်းချမှုများရှိရာ ရှေးဟောင်းပျူပုတီးများမှာ အတော်ရှားသွားပြီဖြစ်၏။ ရှေးဟောင်းပျူပုတီး စစ်၊ မစစ်ကို သိနိုင်စေရန် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်လာရသည်။ ရှေးခေတ်ပျူပုတီး စစ်၊ မစစ် ခွဲခြားရန် စံသတ်မှတ်ချက်မှာ ရှေးခေတ်ပျူပုတီးတွင် ရေးဆွဲထားသော ဆေးရည်မှာ (Alkali , Alkaline Hydlide) သာ ပါဝင်ပြီး (Lead Glaze , Boron Glaze) များ ပါဝင်မှုမရှိခြင်း၊ ဆေးအနားသတ်အကြည်ရောင်ချော်များ မပါဝင်ခြင်း၊ ပျူပုတီးကို မီးအပူပေးကြည့်ပါက အပူချိန် (200/500˚C) တွင် မဲသွားလျှင် (Melamine)ဖြင့် ပြုလုပ်ထားသော ခေတ်သစ်ပုတီးဖြစ်ပြီး ရှေးခေတ်ပျူပုတီးမှန်လျှင် ကျောက်အက်ကွဲသည်အထိ မီးအပူပေးပါကလည်း ဆေးပျက်ပြယ်မှုမရှိခြင်း စသည့် အချက်များဖြင့် ခွဲခြားနိုင်သည်။ ထို့ကြောင့် မြန်မာပျူပုတီးသည် အစဉ်အလာကြီးမားသော ရတနာတစ်မျိုးဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ဤသို့ဖြင့် ပျူပုတီးစေ့ကလေးများမှာ မြတ်နိုးဖွယ် ရှေးဟောင်းပစ္စည်းအဖြစ်သာမက မြန်မာ့ဆင်ယင်ထုံးဖွဲ့မှုသမိုင်းတွင်လည်း တန်ဖိုးကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ရာ "မြင်သူတိုင်းကို ရင်ခုန်စိတ်လှုပ်ရှားအောင် ဆွဲဆောင်နိုင်သော မော်ဝင်ရတနာ"ဟုပင် ကမ္ဘာက တင်စားခဲ့ရသော ပျူပုတီးသည် မြတ်မိခင်၏ နို့ရည်ဖြင့် ခြယ်မှုန်းပြုလုပ်ထားသဖြင့် ချစ်ခြင်းမေတ္တာကို ဖော်ပြနိုင်စွမ်းရှိသောကြောင့် ကမ္ဘာကပင် တန်ဖိုးထားအသိအမှတ်ပြုကြသော ရှေးခေတ်ပျူပုတီးများကို တန်ဖိုးထား ထိန်းသိမ်းရင်း ဆင်မြန်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။

**ကိုးကား -**

- **ပျူတို့ မြန်မာနိုင်ငံအတွင်းသို့ မည်သို့ဝင်ရောက်ခဲ့သနည်း (ရည်စိန်)**
- **ပျူတွေ ဘယ်ရောက်သွားသလဲ (ဒေါက်တာ သန်းထွန်း)**
- **အရှေ့တောင်အာရှ ရာဇဝင် (ဟော ၁၉၅၅)**
- **ပျူပုတီး (Htet Aaron)**




## စပေ့စ်အိတ်ခ်စ်နှင့် ရီလိုင်းယန့်စ်ဂျိုင်အို ကုမ္ပဏီနှစ်ခု ပူးပေါင်း၍ ဂြိုဟ်တုအင်တာနက်စနစ် အိန္ဒိယသို့ ရောက်လာတော့မည်

**ဒေလီ မတ် ၁၂**




အိန္ဒိယသန်းကြွယ်သူဌေး မူကက်ရှ်အမ်ဘာနီပိုင်ဆိုင်သော ရီလိုင်းယန့်စ်ဂျီုင်အိုကုမ္ပဏီသည် အီလွန်မတ်စ် ဦးဆောင်နေသော စပေ့စ်အိတ်ခ်စ်ကုမ္ပဏီနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် စတားလင့်ဂြိုဟ်တုအင်တာနက်ဝန်ဆောင်မှုများကို အိန္ဒိယသို့ ယူဆောင်လာတော့မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယ၏ အကြီးဆုံးဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် ထိုကုမ္ပဏီသည် ၎င်း၏ လက်ကားရောင်းချသည့်ဆိုင်များတွင် စတားလင့်ပစ္စည်းကိရိယာများကိုထားရှိရန် သဘောတူညီခဲ့သည်။

၎င်းတို့နှစ်ဦးသည် ယင်းဂြိုဟ်တုအင်တာနက်ကွန်ရက်ဈေးကွက်မှအကျိုးအမြတ် မည်သို့ခွဲဝေရယူသင့်သည်ကို အပြင်းအထန်ငြင်းခုံခဲ့ကြပြီး အီလွန်မတ်စ်၏ လေလံခွဲဝေရေးနည်းလမ်းကို နောက်ဆုံးတွင် အမ်ဘာနီ ထောက်ခံခဲ့ရသည်။

အမ်ဘာနီ၏ ရီလိုင်းယန့်စ်သည် အီလွန်မတ်စ်၏ ထုတ်ကုန်များကို စတင်မိတ်ဆက်ပြီးနောက် ဆက်သွယ်ရေးလောကတွင် လွှမ်းမိုးနိုင်မှုလျော့နည်းသွားမည်ကို စိုးရိမ်ခဲ့သော်လည်း ယင်းဖြန့်ချိရေးသဘောတူညီချက်သည် အမ်ဘာနီကို ၎င်း၏ပြိုင်ဘက်ထုတ်ကုန်များ အလျင်အမြန်ကြီးထွားလာသောဈေးကွက်တွင် ပံ့ပိုးပေးရင်း ၎င်းတို့နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0




## ဝန်ထမ်းအင်အားထက်ဝက်ခန့်ကို လျှော့ချရန် အမေရိကန်ပညာရေးဝန်ကြီးဌာန စီစဉ်လျက်ရှိ

**ဝါရှင်တန် မတ် ၁၂**

အမေရိကန်ပညာရေးဝန်ကြီးဌာနသည် ဝန်ထမ်းအင်အားထက်ဝက်ခန့်ကို လျှော့ချရန်စီစဉ်နေပြီး ထရမ့်အုပ်ချုပ်ရေးအဖွဲ့က ပြည်ထောင်စုအစိုးရ၏ အရွယ်အစားကိုလျှော့ချရန် ကြိုးစားသောအစီအစဉ်တွင် ပါဝင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အစုလိုက်အပြုံလိုက်အလုပ်ထုတ်ခံရမှုသည် မတ် ၂၁ ရက်မှစတင်မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနလက်အောက်တွင် ယာယီဆိုင်းငံ့ခံထားရသူပေါင်း ၂၁၀၀ ခန့် ထိခိုက်မည်ဖြစ်သည်။

ထရမ့်သည် ထိုဝန်ကြီးဌာနကိုဖျက်သိမ်းရန် ရေရှည်တွင် ရည်မှန်းချက်ထားရှိခဲ့ပြီး ယင်းကဲ့သို့သောလုပ်ဆောင်ချက်သည် လွှတ်တော်၏သဘောတူညီချက် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

Mon

## ဂျပန်နိုင်ငံအခြေစိုက် တိုယိုတာကားကုမ္ပဏီ လက်ဇတ် လျှပ်စစ်ကားသစ်များ မိတ်ဆက်မည်

**တိုကျို မတ် ၁၂**

တိုယိုတာကုမ္ပဏီက ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များတွင် ဥရောပ၌ ၎င်း၏ တိုယိုတာနှင့် ပရီမီယံလက်ဇတ်အမှတ်တံဆိပ်များအတွက် လျှပ်စစ်ကားမော်ဒယ်ကိုးမျိုးကို စတင်မိတ်ဆက်သွားမည်ဟု ယမန်နေ့က ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဂျပန်အခြေစိုက် တိုယိုတာကားကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း တိုယိုတာအမှတ်တံဆိပ်ပါ လျှပ်စစ်စွမ်းအင်သုံးကားသုံးမျိုးကို စတင်မိတ်ဆက်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် နောက်ထပ် သုံးမျိုးကို ထပ်မံမိတ်ဆက်သွားမည်ဟု ဆိုသည်။

ယင်းကုမ္ပဏီအနေဖြင့် လာမည့် ၁၂ လအတွင်း ဥရောပတွင် လက်ဇတ်အမှတ်တံဆိပ်ပါ လျှပ်စစ်ကားသုံးမျိုးကို စတင်မိတ်ဆက်သွားမည်ဖြစ်ပြီး ၎င်းတို့အနက် အာဇက်ကားအသစ်ကို ပထမဆုံးမိတ်ဆက်သွားမည်ဖြစ်သည်။

ရောင်းအားအများဆုံးသော ကမ္ဘာ့အကြီးဆုံးကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် တိုယိုတာသည် လျှပ်စစ်ကားများနှင့်ပတ်သက်၍ ၎င်း၏ပြိုင်ဘက်များထက် ပိုမိုသတိထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပြုလုပ်ခြင်းသည် လွန်ခဲ့သောတစ်နှစ်အတွင်း လျှပ်စစ်ကားများအပေါ် ကမ္ဘာလုံးဆိုင်ရာဝယ်လိုအား နှေးကွေးလာချိန်တွင် ၎င်းအား အထောက်အကူပြုခဲ့ကြောင်း သိရသည်။

Mon



ဗြိတိန်နိုင်ငံ နော်ဖော့ခ်တောင်ပိုင်းရှိ လယ်ကွင်းတစ်ခုအတွင်းမှ အငြိမ်းစား မီးသတ်သမားတစ်ဦးကတွေ့ရှိခဲ့ပြီး လေလံတင်လျှင် စတာလင်ပေါင် ၁၈၀၀၀ အထိရနိုင်မည်ဟု မျှော်လင့်ထားသည့် ရှေးဟောင်းဘုရင်ခံလက်စွပ်ကို တွေ့ရစဉ်။

Mon





## ခရီးသည် ၄၀၀ ကျော်တင်ဆောင်လာသည့် မီးရထားတစ်စီးကို ဘလူချီစတန်ဒေသမှ လက်နက်ကိုင်များ စီးနင်းတိုက်ခိုက်

**အစ္စလာမ္မာဘတ် မတ် ၁၂**

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ဒေသမှ လက်နက်ကိုင်များသည် ခရီးသည် ၄၀၀ ကျော်တင်ဆောင်လာသည့် မီးရထားတစ်စီးကို မတ် ၁၂ ရက်က တိုက်ခိုက်ပြီး ခရီးသည်အချို့ကို နိုင်ထက်စီးနင်းပြုကျင့်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘလူချီစတန်လွတ်မြောက်ရေးတပ်ဖွဲ့အမည်ခံ လက်နက်ကိုင်များသည် ကွက်တာမှ ပက်ရှဝါသို့သွားနေသည့် ဂျတ်ဖာအမြန်ရထားကို စီးနင်းတိုက်ခိုက်ကာ ထိန်းချုပ်ထားခဲ့သည်။

အဆိုပါသီးခြားခွဲထွက်ရေးအဖွဲ့က ဆီဘီခရိုင်ရှိ ရထားလမ်းပိုင်းတစ်နေရာကို ဖောက်ခွဲပြီးနောက် မီးရထားကို ၎င်းတို့ထိန်းချုပ်ထားကြောင်း ကြေညာခဲ့သည်။

ထိုမီးရထားစီးနင်းတိုက်ခိုက်သူများကို အစိုးရတပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်ရာမှ လက်နက်ကိုင် ၁၆ ဦးသေဆုံးပြီး ခရီးသည် ၁၀၀ ကို လွတ်မြောက်စေခဲ့သည်ဆိုသောသတင်း ထွက်ပေါ်လာသည်။

လွတ်မြောက်လာသူများထဲတွင် ဒဏ်ရာရခရီးသည် ၁၇ ဦး ပါဝင်ပြီး ၎င်းတို့ကို ဆေးရုံတင်ကုသပေးနေကြောင်း သိရသည်။

Mon

## အာဖရိကတိုက် တစ်တိုက်လုံးကိုပြေးခဲ့သူ ရစ်ကွတ် နယူးဇီလန်တစ်နိုင်ငံလုံးကို ပတ်ပြေးရန် စိန်ခေါ်

**လန်ဒန် မတ် ၁၂**



အာဖရိကတိုက်တစ်တိုက်လုံးကို ပြေးခဲ့သူ ရစ်ကွတ်သည် နယူးဇီလန်တစ်နိုင်ငံလုံးကို ပတ်ပြေးရန် ယမန်နေ့က စိန်ခေါ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းသည် အသန်မာဆုံးဘိုးတော်ကြီးဟု အမည်ပေးခံရသူ အသက် ၂၇ နှစ်အရွယ် ရစ်ကွတ်သည် ဗြိတိန်နိုင်ငံအနောက် ဆပ်ဆက်ဒေသရှိ ဝါသင်းနယ်သားဖြစ်သည်။

၎င်းအနေဖြင့် နယူးဇီလန်နိုင်ငံကိုပတ်ပြေးရာတွင် ၁၈၆၄ မိုင် (၃၀၀၀ ကီလိုမီတာ) ရှည်လျားသောခရီးကို ဖြတ်သန်းရမည်။

စီစဉ်ထားသော ထိုခရီးလမ်းတစ်လျှောက်တွင် ၎င်းသည် တောင်များ၊ သစ်တောများ၊ ကမ်းရိုးတန်းများနှင့် မြို့များကိုဖြတ်သန်းရင်း ပြေးရမည်ဟု ဆိုသည်။

ကျွန်တော်လက်ရှိရရှိထားတဲ့ အံ့သြဖွယ်ကောင်းတဲ့ နွေးထွေးတဲ့ကြိုဆိုမှုတွေက ကျွန်တော့်ရှေ့ကခရီးဟာ ဘယ်လောက်ထိ အထူးခြားဆုံးဖြစ်မယ်ဆိုတာကို မြင်ယောင်မိစေပါတယ်ဟု ရစ်ကွတ်က ထုတ်ဖော်ပြောကြားသည်။

၎င်းသည် နယူးဇီလန်၏ တောင်ဘက်ကျွန်း၏ တောင်ဘက်အစွန်းမှ စိန်ခေါ်မှုကိုစတင်ခဲ့ပြီး မြောက်ဘက်ရှိ ခရီးဆုံးမျဉ်းသို့ ရောက်ရှိရန် ရက်ပေါင်း ၆၀ ခန့် မြောက်စူးစူးသို့ ပြေးရမည်ဖြစ်ကြောင်း သိရသည်။

Mon

## ပျံသန်းနိုင်သောကား အမြောက်အမြား ထုတ်လုပ်သွားမည်ဟု အိတ်စ်ပင်း တရုတ်လျှပ်စစ်ကားကုမ္ပဏီက ကြေညာ

**ပေကျင်း မတ် ၁၂**

ပျံသန်းနိုင်သောကားများကို ၂၀၂၆ ခုနှစ်မတိုင်မီ အမြောက်အမြား ထုတ်လုပ်သွားမည်ဟု အိတ်စ်ပင်းဟု အမည်ရသော တရုတ်လျှပ်စစ်ကားကုမ္ပဏီက ကြေညာခဲ့ရာ များမကြာမီကာလအတွင်း အမှန်တကယ်ဖြစ်လာနိုင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့တွင် ကျင်းပသည့် အစည်းအဝေးများအပြီး သတင်းထောက်များကို ရှင်းလင်းပြောကြားရာတွင် ကွမ်ကျိုးအခြေစိုက် အဆိုပါကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဟယ်ရှောင်ပင်းက ပျံသန်းနိုင်သည့်ယာဉ်များကို ဖွံ့ဖြိုးတိုးတက်မည့် ၎င်း၏အစီအစဉ်များနှင့် မျှော်မှန်းချက်ကို မျှဝေခဲ့သည်။

ကျွန်တော်တို့အနေနဲ့ ပျံသန်းနိုင်တဲ့ကားတွေမှာ ပိုမိုဘေးကင်းပြီး အသုံးပြုရလွယ်ကူစေဖို့ ယာဉ်ထိန်းချုပ်မှုကို အေအိုင်နဲ့ ပေါင်းစပ်ပြီး စနစ်အသစ်တစ်ခု ဖန်တီးနေပါတယ်ဟု ၎င်းက ရှင်းလင်းပြောကြားကြောင်း သိရသည်။

Mon

## ယာဉ်မောင်း အလိုရှိသည်

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် မော်တော်ယာဉ်များ မောင်းနှင်ရန်အတွက် ယာဉ်မောင်းလိုင်စင်(ခ)ရှိသူများ လျှောက်ထားနိုင်ပါသည်-

၁။ ဗုဒ္ဓဘာသာဝင် ဖြစ်ရမည်။

၂။ အသက် (၁၈)နှစ်မှ အသက်(၄၀)နှစ်ကြား ဖြစ်ရမည်။

၃။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ ပါရှိရမည်။

မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ ကိုယ်ရေးအချက်အလက်ပြည့်စုံစွာ လျှောက်လွှာတွင်ဖော်ပြပြီး ၃၁.၃.၂၀၂၅ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃၁)၊ ဦးပိုင်အမှတ်(၃၉)မြေကွက်သည် ဦးမြင့်သိန်းအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏တောင်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိသော မြေ၊ အိမ်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူဦးဇော်ဦး၊ ဒေါ်ချိုမာခိုင်နှင့် ဦးဇာနည်ကျော်တို့ထံမှ ကျွန်ုပ်တို့၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၉)၊ ဦးပိုင်အမှတ်(၃၅-က)မြေကွက်သည် ဦးရင်ဆွေအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်ဘက်ခြမ်း(၁၅×၄၅)ပေအကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်သည်ဟု အဆိုပြုသူဦးဌေးဦးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(လလ-၂၉)၊ ဦးပိုင်အမှတ်(၂၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဗိုလ်မှူးမောင်မြင့်အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းတောဂရန်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးလှနိုင်(၉/မရတ(နိုင်)၀၃၄၁၁၈)ကိုင်ဆောင်သူက အဆိုပါမြေကွက်သည် မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ၎င်းမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်(၉/မနမ(နိုင်)၀၀၁၀၄၈)ကိုင်ဆောင်သူမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်စောမွန်ဦး (LL.B)** **(တရားလွှတ်တော်ရှေ့နေ)**

**ဦးနိုင်မင်းဦး (LL.B)** **(အထက်တန်းရှေ့နေ)**

**မမ-၂၈၊ တိုက်-၃၈၊ အခန်း(၄)မြရည်နန္ဒာအိမ်ရာ၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊ ၁၁၈(D)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၈၄၁၄၈၄၇၊ ၀၉-၉၇၉၅၅၀၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်(၂-က)+(၂-ခ)၊ မြေချိန်ဧရိယာ(၅ ဒသမ ၅၃၃)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်ကြီးပေါ်တွင်ဆောက်လုပ်ထားသော Garden City Apartment Complex၊ တာဝါ(၁၁)၊ (၄)လွှာ၊ အခန်းအမှတ်(၁)၊ ဧရိယာ(၉၂၅)စတုရန်းပေ အကျယ်အဝန်းရှိသော ဦးအောင်ငွေ အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ(ရေ+မီးအပြည့်အစုံအပါအဝင်)၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ တိုက်ခန်း၏ဥပစာတစ်ရပ်လုံးနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်နေထိုင်ပိုင်ဆိုင်ပြီး ကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်ငွေ(ဘ)ဦးကျင်(၇/ဝမန(နိုင်)၀၇၉၇၂၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ဝယ်သူအမည်ပေါက်ကိစ္စများ၊ ဆောက်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးပြည့်ဖြိုးမောင်မောင်(မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၉/၁၇-၁-၂၀၁၇)**
**အခန်း(၃/အေ)၊ တာဝါ(၃)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၅၃၀၁၊ ၀၉-၂၀၀၀၁၈၄**

## အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ဖျက်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၃၂)၊ ဦးပိုင်အမှတ်(၇၈-ခ)၊ ဧရိယာ(၀ ဒသမ ၀၆၀၉)ဧကရှိ မြေကွက်နှင့်ပတ်သက်ပြီး ကျွန်မဒေါ်ပြားမှ သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် ကျွန်မကိုယ်စား လက်မှတ်ရေးထိုး လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်(၁၁.၇.၂၀၂၂)ရက်က အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၇၈/၂၀၂၂)ဖြင့် ဦးစိုင်းစိုးဟန်(ဘ)ဦးမြင့်သိန်း(ခ)ဦးဟန်ရင်(၁၃/ကတန(နိုင်)၀၅၈၃၂၄)အား လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါတွင် ကျွန်မဒေါ်ပြားမှ ဦးစိုင်းစိုးဟန်သို့ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ထားရှိရန် မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းပယ်ဖျက်မည်ဖြစ်ကြောင်း အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းပယ်ဖျက်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပြား(ဘ)ဦးကျော့(၅/ခတန(နိုင်)၀၁၃၉၂၁)**
**၁၀၇(အေ)လမ်းနှင့် ၇၀(ဘီ)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၇)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ အရာခံဗိုလ်မြစိုး(၁၃/တကန(နိုင်)၁၁၆၅၄၃)အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သည်ဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်အေးအေးဆွေ(၉/မနတ(နိုင်)၀၀၉၉၆၃)၊ ဦးကိုကိုဦး(၅/မမန(နိုင်)၀၂၅၇၇၂)၊ ဦးစိုးစိုးနိုင်(၉/မနတ(နိုင်)၀၀၉၉၆၄)၊ ဦးကျော်ကျော်နိုင်(၉/မနတ(နိုင်)၀၀၉၉၆၅)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာထွန်း**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(H-၉၈)၊ ၅၆လမ်း၊ နိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၀၀၃၄၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၇)၊ ဦးပိုင်အမှတ်(၁၂)ဟုခေါ်တွင်သော (၈၀×၆၀)ပေအကျယ်အဝန်းရှိ မြေကွက်သည် ဦးခင်မောင်သိန်း(ဘ)ဦးအောင်ကြည် အမည်ဖြင့် တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ မြေနေရာချထားပေးခဲ့သည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အစဉ်တစိုက် လက်ရှိထားနေထိုင်ပိုင်ဆိုင်ကြသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများ၊ တရားရုံးအနိုင်ဒီကရီများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ညီညီကျော် (LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၅၀၈၆၄၊ (၂၆.၃.၂၀၁၉)**
**သီရိမာလာတိုက်တန်း No.C.16၊ အကွက်(၂၂၀)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၀၅၆၆၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(ဈ)၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်လက်သုံးစွဲပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇင်လင်းခန့်(ဘ)ဦးခန့်(၈/ရစက(နိုင်)၁၄၆၇၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၂၉၂၉၅၈၅၊ ၀၉-၄၃၀၅၉၄၇၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ(ရန်ကုန်)ကျင်းပနိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၁၂



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ(ရန်ကုန်) ကျင်းပမည့် ကျိုက္ကဆံကွင်းသို့ရောက်ရှိရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပြပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို အကွက်ချပုံစံများဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်၍ အားနည်းချက်များကို ဖြည့်ဆည်းပြီး အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် MSME ထုတ်ကုန်ပြပွဲကို အဆင့်မီစွာကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲကို အချိန်မီကျင်းပနိုင်ရေးအတွက် ဆိုင်ခန်းတည်ဆောက်ခြင်း၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ မိလ္လာစနစ်များ စသည်တို့နှင့် ပတ်သက်သည့် ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အချိန်ဇယားများ၊ အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိစေရန်၊ လုပ်ငန်းရှင်အချင်းချင်း ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပတင်ပို့မှုကို တိုးမြှင့်နိုင်ရန်၊ MSME ထုတ်ကုန်များအား ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် MSME ထုတ်ကုန်ပြပွဲကို ကျင်းပခြင်းဖြစ်၍ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME များ အားလုံး ပါဝင်ပြသနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ (ရန်ကုန်) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြပွဲကျင်းပမည့် ကွင်းအတွင်း၌ ဆိုင်ခန်းများ လျာထားသတ်မှတ်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ငါးဆူတောင်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဆေးဝါးကုန်ကြမ်းစိုက်ကွင်းသို့ ရောက်ရှိပြီး နိုင်ငံတော်ပိုင်မြေများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့စိတ်ဝင်စားမှု အဆိုပြုလွှာများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးဝါးကုန်ကြမ်းစိုက်ကွင်းအတွင်း မသက်ဆိုင်သူများ ဝင်ရောက်စိုက်ပျိုးမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ဘရာဇီးလ်နည်းပြ ရီကာဒိုဒါရိုချာအား ရခိုင်ယူနိုက်တက်ဘောလုံးအသင်း နည်းပြချုပ်အဖြစ် ခန့်အပ်

ရခိုင်ယူနိုက်တက် ဘောလုံးအသင်းသည် ၂၀၂၅ မြန်မာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲ (MNL League Cup 2025)တွင် အောင်မြင်မှုရရှိနိုင်ရန်နှင့် ၂၀၂၅-၂၆ ရာသီ အခြားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှု အနေဖြင့် ဘရာဇီးလ်လူမျိုး နည်းပြရီကာဒိုဒါရိုချာ( Ricardo Cor -deiro Da Rocha )အား တစ်နှစ်စာချုပ်ဖြင့် အသင်းနည်းပြချုပ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

အသက် ၅၉ နှစ် အရွယ်ရှိ ဝါရင့်နည်းပြ တစ်ဦးဖြစ်သူ ရီကာဒိုဒါရိုချာသည် နည်းပြဘဝကို ဘရာဇီးလ်ပြည်တွင်း ကလပ်အသင်းများနှင့် ဘင်ဖီကာ၊ လာဇီယို အစရှိသည့် ဥရောပကလပ်အသင်းကြီးများနှင့် အီတလီကလပ်အသင်း ဖြစ်သည့် Vic-enzo FC တို့တွင် နည်းပြအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ဂါနာပရီးမီးယားလိဂ်အသင်းများဖြစ်သည့် Dagbon United ၏ နည်းစနစ်ဒါရိုက်တာအဖြစ်လည်းကောင်း၊ Ashanti Gold Sport-ing Club နည်းပြချုပ်အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ကာ Ashanti Gold အသင်းနှင့်အတူ BK Edusel Cup ချန်ပီယံဆုရယူပေးနိုင်ခဲ့သည်။ ထို့အပြင် ၂၀၀၈ခုနှစ်တွင် ကိတ်ဗာဒီလက်ရွေးစင်အသင်းအား နည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့ပြီး အာဖရိကနိုင်ငံများ ဖလားခြေစစ်ပွဲတွင် အကောင်းဆုံး ဦးဆောင်ပေးခဲ့သည်။ ၂၀၂၃ ဘောလုံးရာသီတွင် ဘိုလစ်ဗီးယားဘောလုံးအဖွဲ့ချုပ်၏ နည်းစနစ်ဆိုင်ရာ Coordinator အဖြစ် သက်တမ်းအလိုက်ယူ-၁၃၊ ယူ-၁၅၊ ယူ-၁၇ လူငယ်အသင်းများအား နောက်ဆုံးတာဝန်ယူဆောင်ရွက်ခဲ့ကာ ယခုရာသီတွင် ရခိုင်ယူနိုက်တက်အသင်းသို့ နည်းပြချုပ်အဖြစ် ခန့်အပ်ခံရပြီး လိုအပ်သည့် ပြည်ဝင်ခွင့် ဗီဇာကိစ္စရပ်များ ဆောင်ရွက်ပြီးစီးပါက အသင်းနှင့်အတူ ပူးပေါင်းရန် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ဘရာဇီးလ်နည်းပြချုပ် ရီကာဒိုနှင့်အတူ ကင်မရွန်းကြံ့ခိုင်ရေးနည်းပြအပါအဝင် ဆားဘီးယားဂိုးနည်းပြတစ်ဦးကိုလည်း နည်းပြအဖွဲ့တွင် ထပ်မံခေါ်ယူဖွဲ့စည်းသွားရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကစားသမားသစ်များလည်း ထပ်မံအားဖြည့်ခေါ်ယူကာ အောင်မြင်မှုများရရှိနိုင်ရန် ပြင်ဆင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

